ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (3-3-2005) (၄၅၂၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန်　　မတ်　　၃

၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သည့် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　မတ်　　၃

၂၀၀၅ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သည့် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆင်မီယွန်၊ ဆက်ဆေ–ကိုဘာ့ဂ်ဂိုသာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ရေတွန်းစက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကြည့်ရှုစစ်ဆေး လုပ်ငန်းပြီးစီးပါက ရန်ကုန်မြို့တော်သို့ နေ့စဉ် ရေဂါလန် သန်း ၁၄၀ ထပ်မံ ဖြည့်တင်းပေးဝေနိုင်မည်

ရန်ကုန်　　မတ်　　၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှည်းကူးမြို့နယ် ကလီထော်(အနောက်)ကျေးရွာအနီး ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများနှင့် စီမံကိန်းတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)အား မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ငမိုးရိပ်ဆည် ပင်မတူးမြောင်းမှ ရေသွယ်ယူရန် ရေခေါ်တူးမြောင်း ဖောက်လုပ်ခြင်း၊ ရေတွန်းစက်ရုံ၊ အနည်ကြိုထိုင်ကန်၊ ရေစစ်ကန်၊ ရေစုကန်၊ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် လျှပ်စစ်ဓာတ်အားသွယ်ယူမည့် လုပ်ငန်းများကိုလည်းကောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြေးမုံ
The Mirror
ခေါင်းကြီး
ဆောင်းပါး
အညွှန်း

* နိုင်ငံတော်တစ်ဝန်း ဆည်မြောင်းတာတမံပေါင်း၁၇၁ခုကိုတည်ဆောက်ပေးခဲ့ရာ ဘဏ္ဍာငွေကျပ် သန်းပေါင်း ၈၉၄၀၀ ခန့် သုံးစွဲခဲ့ရသည်။ ယင်းသို့ ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် တောင်သူလယ်သမားများအတွက်လယ်ယာမြေဧက ၂၃သမ၃သန်းကျော်ကို အကျိုးပြုလျက်ရှိသည်။ ခေါင်းကြီး (စာ–၂)
* သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)၏ **“ မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ”** (သတင်းဆောင်းပါး–ကျောဖုံး)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၃-၃-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးရှေးရှု လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး၏ လူမှုဘဝခိုင်မာမြင့်မားရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အားထုတ်ကြိုးပမ်းလျက်ရှိရာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးသည် အခြေခံကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတွင် လယ်ယာကဏ္ဍ တိုးတက်အောင်မြင်ဖြစ်ထွန်းရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားမည့် အမျိုးသားစီးပွားရေးမူဝါဒကိုချမှတ်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရန် အဘက်ဘက်က အလေးထား အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၅ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေးကိုရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်ရန်လည်းကောင်း တောင်သူလယ်သမားကြီးများက အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော်ကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်** ဟူ၍ ဖော်ပြပါရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ အရေးပါသော စီးပွားရေးကဏ္ဍကြီးဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာဖြည့်ဆည်းရေးအတွက်သာမက လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပါ ဖန်တီးဖော်ဆောင်ပေးလျက်ရှိပေသည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲ၍ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်း ဆည်မြောင်းတာတမံပေါင်း ၁၇၁ ခုကို တည်ဆောက်ပေးခဲ့ရာ ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၈၉၄၀၀ ခန့် သုံးစွဲခဲ့ရသည်။ ယင်းသို့ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် တောင်သူလယ်သမားများအတွက် လယ်ယာမြေ ဧက ၂ ဒသမ ၃ သန်းကျော်ကို အကျိုးပြုလျက်ရှိသည်။

ထို့အပြင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်း ၂၇၁ ခုကို ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လယ်ယာမြေဧက သုံးသိန်းကျော်ကို တိုးမြင့်အကျိုးပြုလျက်ရှိသည်။

ယင်းသို့နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာတွင် မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများ ဖော်ထုတ်စိုက်ပျိုးရေးအတွက် အားပေးကူညီလျက်ရှိသည်။ သီးထပ်သီးညှပ်စိုက်ပျိုးပြီး သီးနှံအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိရာ သီးနှံစိုက်ပျိုးသည့် ဧရိယာများ တိုးပွားလျက်ရှိသည်။

ယခုအခါ သီးနှံစိုက်စွမ်းအားသည် ၁၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး စုစုပေါင်း စိုက်ဧကမှာ ၄၁ ဒသမ ၃ သန်းအထိ ရှိလာပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်သူများ၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြီးမြောက်စေရေးတို့အတွက် တောင်သူလယ်သမားကြီးများအားလုံးက တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ဖျာပုံမြို့ ရေပေးရေးလုပ်ငန်းနှင့် ကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဖွင့်လှစ်

ရန်ကုန် မတ် ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့ကန်တော်ကြီး သောက်ရေကန်မှ မြို့ရေပေးရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ဖျာပုံမြို့ကန်တော်ကြီး ရေပေးရေးစက်ရုံရှေ့ရှိ ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဖျာပုံမြို့ ကန်တော်ကြီး သောက်သုံးရေပေးဝေရေး အခမ်းအနားတွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (နယ်စပ်စည်ပင်)

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ဖျာပုံခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့သူမြို့သားများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကန်တော်ကြီး သောက်ရေကန်နှင့် ရေပေးရေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမှတ်(၁၇)ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ်(၂၀)သို့ သွားရောက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးကာ တပျော်တပါးရေခပ် နေသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁၇)ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ်(၁၃)သို့ ရောက်ရှိပြီး ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးရာ ရေခပ်နေသူများက ရေအခက်အခဲကို ဖြေရှင်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၁၂)ရပ်ကွက်ရှိ ရေဂါလန် ၈၀၀ ဆံ့ သောက်ရေကန် အမှတ်(၁)သို့ သွားရောက်ပြီး ရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးကြပြီး ရေကန်များ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို ဖျာပုံမြို့ သီရိအဏ္ဍာဝါခန်းမ၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေခက်ခဲနေမှုကို ဖြေရှင်းဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ဖျာပုံမြို့ ရေပေးရေး စီမံကိန်း ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်က လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်သော ဖျာပုံမြို့ ရေပေးရေး စီမံကိန်းအပိုင်း(က)သည် ကန်တော်ကြီးသောက်ရေကန်မှ ရေရှားပါးသော ရပ်ကွက်များဖြစ်ကြသည့် ရပ်ကွက်(၁၂)၊ (၁၇)၊ (၁၈)တို့အတွက် ရေပေးခြင်းဖြစ်ပြီး ရပ်ကွက်နေ ပြည်သူ ၉၀၀၀ ကျော်အတွက် သန့်ရှင်းသော သောက်သုံးရေများရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကန်တော်ကြီးသောက်ရေကန်သည် ကန်ရေပြည့်ဧရိယာ ၂၃ ဧက ရှိပြီး ရေသိုလှောင်မှု ပမာဏမှာ ဂါလန် ၄၅ သန်းဖြစ်ကာ သောက်သုံးရေပေးနိုင်မည့် ပမာဏမှာ ရေဂါလန် ၃၅ သန်းဖြစ်သည်။

ဆက်လက်၍ ဆောင်ရွက်မည့် စီမံကိန်း အပိုင်း(ခ)၊ (ဂ)၊ (ဃ) တို့တွင် ရေမရသေးသည့် ရပ်ကွက်များသို့ ရေပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ ပိုမိုအားကောင်းသည့် အင်ဂျင်နှင့်ပန့်များ၊ မော်တာများ တပ်ဆင်ခြင်း၊ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ ဆက်သွယ်ခြင်း၊ ကလိုရင်းဆေးခတ်စက်များ တပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည်။ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက ဖျာပုံမြို့ပေါ် ရပ်ကွက် ၁၈ ခုမှ ပြည်သူ ၅၀၀၀၀ ကျော်အတွက်သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ချောင်းတွင်းကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်က လမ်းဖောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက လမ်းဖောက်ပေးမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှဝင်းဘိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ချောင်းတွင်း ကျေးရွာအဝင်လမ်းသည် အရှည် ၁၃၁၆ ပေ၊ အကျယ် ၁၀ ပေ ရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၄၃ ဒသမ ၃ သိန်းဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်နှင့် မြို့ပြဆက်သွယ်ရာ လမ်းဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မန္တလေးစီးတီးဟိုတယ် ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၂၇)လမ်းထောင့်ရှိ မန္တလေးစီးတီးဟိုတယ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က စီးတီးဟိုတယ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဟိုတယ်လုပ်ငန်းရှင် ဦးလှအောင်တို့က စီးတီးဟိုတယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မိတ္ထီလာမြို့ရှိ မိတ္ထီလာဟိုတယ်သို့ ရောက်ရှိပြီး မိတ္ထီလာဟိုတယ် ပြန်လည်ပြုပြင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာ၊ မလှိုင်၊ တောင်သာနှင့် မြင်းခြံမြို့များရှိ ဆက်သွယ်ရေးစခန်းများသို့ သွားရောက်၍ ဒေသအတွင်း ဆက်သွယ်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ဖြည့်စွက်မှာကြား ဖြည့်ဆည်းပေးသည်။

အချိန်မီပြီးစီးရေး

ယင်းနောက် ဝန်ကြီးသည် ပုဂံ၊ ညောင်ဦးမြို့ရှိ ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိ၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိတ္ထီလာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် မတ် ၃ရက်တွင်ကျရောက်သည့် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆိုလိုမွန်၊ ပါစီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းနှင့် ပန်တျာကျောင်း သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲ၊ သင်တန်းဆင်းတင်ဆက်ကပြပွဲနှင့် သင်တန်းဆင်း လက်ရာမွန်ပြပွဲတွင် ပြသထားသော လက်ရာမွန် ပန်းချီ၊ ပန်းပုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၂

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဝိသိဋ္ဌပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များ ချီးကျူးဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ကြားတောရလမ်းရှိ တရားရုံးချုပ်ခမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများ အနေဖြင့် အမှတ်စာရင်းမိတ္တူကို ဦးညိုမောင် ဥက္ကဋ္ဌ ဖုန်း-၅၉၀၀၀၉၊ ဦးကျော်ဇံဒုတိယဥက္ကဋ္ဌ ဖုန်း-၅၂၄၈၀၇၊ ဒေါက်တာမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၄၀၅၄၄၊ ဦးဌေးအောင် အတွင်းရေးမှူး ဖုန်း-၂၉၃၄၂၀တို့သို့ မတ်၁၅ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ပေးပို့ကြရန်နှိုးဆော်ထားသည်။(က-ပ)

တရားရုံးချုပ်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် တရားသူကြီးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၆ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ်ခမ္မာရုံတွင် ကျင်းပရာ ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေ တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများအား အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြောကြား စဉ်။

(က-ပ)

ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းနှင့် ပန်တျာကျောင်း သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်အားပေး

ရန်ကုန် မတ် ၂

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၏ ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းနှင့် ပန်တျာကျောင်း သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲ၊ သင်တန်းဆင်း တင်ဆက်ကပြပွဲနှင့် သင်တန်းဆင်းလက်ရာမွန်ပြသပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပန်းချီ၊ ပန်းပုကျောင်းနှင့် ပန်တျာကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် နည်းပြဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူးနှင့် သဘင်ပညာရှင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် ပန်းချီပညာရှင်များ၊ အနုပညာရှင်များ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းမှ ပန်းချီသင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၂၀ တို့အားလည်းကောင်း၊ ရန်ကုန်ပန်တျာကျောင်းမှ အက သင်တန်းဆင်း ကျောင်းသား ငါးဦးနှင့် စန္ဒရားသင်တန်းဆင်း ကျောင်းသား ငါးဦးတို့အားလည်းကောင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်က ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းမှ ပန်းချီသင်တန်းဆင်း ထူးချွန်ဆုရ ကျောင်းသားများအားလည်းကောင်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးအောင်တင်ဝင်းက ရန်ကုန်ပန်တျာကျောင်း အကသင်တန်းဆင်း ထူးချွန်ဆုရ ကျောင်းသားများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ပံ့ပိုးပေးသူနှင့် အကပြိုင်ပွဲ ထူးချွန်ဆုရသူ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊သဘင်ပညာရှင် ဒေါ်စိုးရှားတင်က ရန်ကုန်ပန်တျာကျောင်းမှ စန္ဒရားသင်တန်းဆင်း ထူးချွန်ဆုရ ကျောင်းသားများအား လည်းကောင်း ဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံဧည့်ခန်းဆောင်၌ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာမွန်ပြပွဲ၌ပြသထားသော ပန်းချီ၊ ပန်းပု လက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အမျိုးသားဇာတ်ရုံ၌ ရန်ကုန်ပန်တျာကျောင်း သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်ပန်တျာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ သင်တန်းဆင်းတင်ဆက်ပွဲကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ

ရန်ကုန် မတ် ၂

၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၂မှု အလေးချိန် ၂၁၄ ဒသမ ၆၇၄၃ကီလို၊ ဘိန်းဖြူ ၉၆မှု အလေးချိန် ၂၃ဒသမ ၃၅၉၇ကီလို၊ ဘိန်းညိုအလေးချိန် သုည ဒသမ ၀၀၀၄ကီလို၊ ဘိန်းဆီ ၁၂မှု အလေးချိန် ၁ ဒသမ ၈၀၃၄ကီလို၊ အဆင့်နိမ့်ဘိန်း ၁၄မှု အလေးချိန် ၁ဒသမ ၆၄၃ကီလို၊ ဆေးခြောက် ၁၈မှု အလေးချိန် ၁၃ဒသမ ၀၂၄၃ကီလို၊ ဖင်ဆီဒိုင်း တစ်မှု ပမာဏ ၁ဒသမ ၃လစ်တာ၊ စိတ်ကြွရူးသွပ်ဆေး ၄၁မှု ၅၂၅၂၃၆ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် နှစ်မှု အလေးချိန် ဒသမ ၀၆၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်)တစ်မှု အလေးချိန် ၁၇၈ကီလို၊ ဓာတုဆေးရည်တစ်မှု ပမာဏ ၂၅၄၆ ဒသမ ၂၅လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၃ ဒသမ ၁၇၅၂ ကီလို၊ မှတ်ပုံတင်ပျက် ၁၂မှု၊ အခြားအမှု ၂၀ဖမ်းဆီးရမိခဲ့သည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် အမှုပေါင်း ၂၆၀မှု ဖမ်းဆီးခဲ့ရာ၌ တရားခံကျား ၃၃၃ဦး၊ တရားခံ မ ၆၂ဦး စုစုပေါင်း တရားခံ ၃၉၅ဦး တို့အား ဥပဒေအရ အရေးယူခဲ့သည်။

(သတင်းစဉ်)

ပေါက်ကွဲ

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ပြစ်မှုကျူးလွန်သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုံးတင်စစ်ဆေးမည်

လန်ဒန် 　 မတ် 　 ၁

ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀ ကျော်နီးပါးသည်အီရတ်နိုင်ငံတွင် လူသတ်မှု၊ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုနှင့် အခြားပြစ်မှုကျူးလွန်ခဲ့မှုများဖြင့် စွပ်စွဲခံထားရကြောင်း ဆန်ဒေးတယ်လီဂရပ်သတင်းစာက လျှို့ဝှက်စစ်ဘက်ဆိုင်ရာ မှတ်တမ်းမှတ်ရာများအားကိုးကား၍ ရေးသားလိုက်သည်။

အီရတ် အကျဉ်းသားများအား နှိပ်စက် ညှဉ်းပန်းခဲ့သည့် ဗြိတိသျှ တပ်ဖွဲ့ဝင် သုံးဦးအား ယခင်လ စောစောပိုင်းက ဂျာမနီစစ်ခုံရုံးက ပြစ်ဒဏ် ချမှတ်ပြီးခဲ့သည့်နောက် ယင်းသို့ ရေးသားဖော်ပြမှု ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

စွဲချက်တင်

ဗြိတိသျှကာကွယ်ရေးဌာနက ခွင့်ပြုထားသည်ထက် သုံးဆနီးပါးရှိသည့် တပ်ဖွဲ့ဝင်များသည် စွဲချက်တင်ခံထားရကြောင်း ကန့်သတ်မှုပြုထားသော မှတ်တမ်းမှတ်ရာများမှ ပေါက်ကြားသည့် သတင်းအရ သိရှိရသည်။

တမင်ရည်ရွယ်

အဆိုပါစွပ်စွဲ ချက်များတွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများအား တမင်ရည်ရွယ်၍ ရေနစ်သတ်ခဲ့သည့်အမှုနှင့် ဗြိတိသျှအထူးလေတပ်မှတပ်ဖွဲ့ဝင်တစ်ဦး၏ လူသတ်မှုတို့ပါဝင်သည်။

ဖမ်းဆီးသတ်ဖြတ်

တစ်မှုတွင် အသက် (၁၆)နှစ်အရွယ်ရှိ ဂျက်တာကာရင်အား ၂၀၀၃ ခုနှစ် မေလ ၈ ရက်က ဖမ်းဆီးပြီးသတ်ဖြတ်ပစ်ခဲ့မှုဖြစ်သည်။ အခြားအမှုတစ်မှုတွင် သိုးကျောင်းသား ရှာဘရမ်အား တပ်ဖွဲ့ဝင်နှစ်ဦးက ရေနစ်သတ်မှုဖြစ်သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်က ဘာဆရာမြို့မှ ဗြိတိသျှအထူးတပ်ဖွဲ့က အီရတ်အရပ်သားရွှမ်မီကို ပစ်သတ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ မော်တော်ယာဉ်ပစ်ခတ်မှုတွင် ဩစတြေးလျတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်

ကင်ဘာရာ 　 မတ် 　 ၁

ဩစတြေးလျနိုင်ငံသား တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်တွင် ပစ်ခတ်မှုဖြစ်ပွားရာတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း ဩစတြေးလျ ကာကွယ်ရေးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းဖြစ်ရပ်သည် စနေနေ့ည ၈နာရီ၅၀မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဩစတြေးလျတပ်ဖွဲ့ဝင်များက သင်္ကာမကင်းဖွယ်ကောင်းသည့် မော်တော်ယာဉ်တစ်စီးအား ပစ်ခဲ့ကြောင်း၊ ၎င်းတပ်ဖွဲ့ဝင်များက အဆိုပါ မော်တော်ယာဉ်အား ရပ်ဆိုင်းစေပြီး ၎င်းတို့ထံ မောင်းနှင်လာရန် အမိန့်ပေးခဲ့ပြီး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာန ကြေညာချက်အရ သိရှိရသည်။

ယင်းဖြစ်ရပ်တွင် ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့ဝင် သေဆုံးမှုမရှိကြောင်း၊ မော်တော်ယာဉ်ပေါ် စီးနင်းလိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကိစ္စကို ယခုအခါ စုံစမ်းစစ်ဆေးနေပြီဖြစ်ပြီး နောက်ထပ်သတင်း မရရှိသေးကြောင်း ကြေညာချက်တွင် ပါရှိသည်။ ဩစတြေးလျတပ်ဖွဲ့ဝင် ၉၅၀ကို အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ထားရှိပြီး အီရတ်တွင်တပ်ဖွဲ့ဝင် ၄၀၀ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကူးသန်းရောင်းဝယ်ရေးသင်္ဘောများ လုံခြုံမှုရှိရေး စင်ကာပူတပ်ဖွဲ့ဝင်များ လိုက်ပါစောင့်ရှောက်မည်

စင်ကာပူ 　 မတ် 　 ၁

စင်ကာပူလုံခြုံရေးတပ်ဖွဲ့ဝင်များသည် စင်ကာပူရေပိုင်နက်အတွင်း ခုတ်မောင်းသွားလာနေသော ကူးသန်းရောင်းဝယ်ရေးသင်္ဘောများ လုံခြုံမှုရရှိစေရေးအတွက် ကူးသန်းရောင်းဝယ်ရေးသင်္ဘောများနှင့်အတူ လိုက်ပါစောင့်ရှောက်မည်ဖြစ်ကြောင်း အစိုးရက တနင်္လာနေ့တွင် ပြောကြားသည်။

စင်ကာပူရေတပ်သည် ကမ္ဘာပေါ်၌ ကူးသန်းရောင်းဝယ်ရေး သင်္ဘောလုပ်ငန်း၏ အချက်အချာကျသော ဒေသတစ်ခုဖြစ်သည့်မာလက္ကာရေလက်ကြားအနီးရှိစင်ကာပူရေပိုင်နက်အတွင်း ကူးလူးသွားလာနေသော သင်္ဘောများကို လိုက်ပါစောင့်ရှောက်မည် ဖြစ်ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

မတ်လမှစတင်၍ အာဏာသက်ဝင်လာသော ပင်လယ်ရေကြောင်း လုံခြုံရေးစည်းမျဉ်းဥပဒေသစ်အရ အပျော်စီးသင်္ဘောများနှင့် ကုန်တင်သင်္ဘောများအပါအဝင် ကူးသန်းရောင်းဝယ်ရေးသင်္ဘောများအပေါ်၌ စင်ကာပူရေတပ်မှ တပ်ဖွဲ့ဝင်ရှစ်ဦးအထိ လိုက်ပါစောင့်ရှောက်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

စင်ကာပူနိုင်ငံပိုင် လေကြောင်းဌာနဖြစ်သော စင်ကာပူအဲလိုင်းစ်၏ ခရီးစဉ်အချို့တွင်လည်း လုံခြုံရေး အစောင့်အကြပ်များ လိုက်ပါရန် ဆောင်ရွက်ထားပြီးဖြစ်သည်။

စင်ကာပူနိုင်ငံသည် မာလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြတိုက်မှု လျော့နည်းလာစေရေးအတွက် အစီအမံများပြုလုပ်ခဲ့သည်။ စင်ကာပူနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်းဘေးရှိ နိုင်ငံများဖြစ်ကြသော မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပူးပေါင်းကာ ပင်လယ်ပြင်ပူးတွဲကင်းလှည့်စောင့်ကြပ်မှုများကို ဇူလိုင်လမှစ၍ လုပ်ဆောင်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဟောလီးဝုဒ် အကယ်ဒမီဆု

လော့စ်အိန်ဂျလိစ် မတ် ၁

(၇၇)ကြိမ်မြောက် ဟောလီးဝုဒ် အကယ်ဒမီ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ဟောလီးဝုဒ်ရှိ ကိုဒတ် ရုပ်ရှင်ရုံတွင် ကျင်းပခဲ့သည်။

(အကောင်းဆုံးဇာတ်ကားဆု)

မီလီယံဒေါ်လာဘေဘီ

(အကောင်းဆုံးဒါရိုက်တာဆု)

ကလင့်အိစ်ဝုဒ်

(မီလီယံဒေါ်လာဇာတ်ကား ရိုက်ကူးသူ)

(အကောင်းဆုံးသရုပ်ဆောင် အမျိုးသား)

ဂျမီဖောက်စ်

(ရေးဇာတ်ကား)

(အကောင်းဆုံးသရုပ်ဆောင် အမျိုးသမီး)

ဟီလာရီဆွမ့်

(မီလီယံဒေါ်လာဘေဘီဇာတ်ကား)

(အကောင်းဆုံးအမျိုးသားဇာတ်ပို့)

မော်ဂန်ဖရီးမင်း

(မီလီယံဒေါ်လာဘေဘီဇာတ်ကား)

(အကောင်းဆုံးအမျိုးသမီးဇာတ်ပို့)

ကိတ်ဘလန်ချက်

(အဗီယေတာဇာတ်ကား)

အမ်အင်အေ၊ ရိုက်တာ။

ချီလီတွင်နှစ်ပေါင်း သန်း ၁၀၀က တိရစ္ဆာန်ရုပ်ကြွင်းများတွေ့ရှိ

ဆန်တီယေးဂိုး 　 မတ် 　 ၁

ချီလီတက္ကသိုလ်မှ သိပ္ပံပညာရှင်လေးဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် နှစ်ပေါင်း သန်း ၁၀၀မှ ၁၂၀ အတွင်းက တိရစ္ဆာန်များ၏ကျောက်ဖြစ်ရုပ်ကြွင်းများကို အန္တာတိကဒေသတွင် တွေ့ရှိခဲ့ကြောင်း လာတာဆီရာသတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ယင်းအဖွဲ့၏ ရည်မှန်းချက်မှာ ရှေးဟောင်းဂေါ့ဝါနာတိုက်၏ အနောက်ဘက်အနားသတ်ဒေသရှိ သစ်ပင်နှင့် တိရစ္ဆာန်များ၏ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာမှုကို လေ့လာရန်ဖြစ်သည်။ ဂေါ့ဝါနာတိုက်မှာ မျက်မှောက်ခေတ် အန္တာတိက၊ တောင်အမေရိက၊ ဩစတြေးလျနှင့် အာရှတစ်စိတ်တစ်ဒေသတို့ ပါဝင်သည်။

တစ်လကြာလေ့လာပြီးနောက် သိပ္ပံပညာရှင်များသည် အန္တာတိကဒေသ လစ်ဗင်းစတုန်းကျွန်းရှိ ဘိုင်ယားစ်ကျွန်းဆွယ်တွင် ငါးစင်တီမီတာ ရှည်သည့် ငါးတစ်ကောင်အပါအဝင် ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်း ကီလို ၃၅၀ ခန့်ကို တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၁၄၉၇ ဦး သေဆုံးခဲ့ပြီ

ဝါရှင်တန် 　 မတ် 　 ၁

၂၀၀၃ ခုနှစ် မတ်လ ၁၉ရက်တွင် အီရတ် စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် အီရတ် နိုင်ငံတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ၂၈ရက်(တနင်္လာနေ့)အထိ သေဆုံးခဲ့သည့်အမေရိကန် တပ်ဖွဲ့ဝင် ဦးရေသည် ၁၄၉၇ ဦးထက်မနည်းရှိပြီ ဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ပြောကြား

ယင်းတို့အနက် တပ်ဖွဲ့ဝင် ၁၁၃၅ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။ အဆိုပါ စာရင်းတွင် စစ်ဘက်ဆိုင်ရာ အရပ်သား ဝန်ထမ်း လေးဦးလည်း ပါဝင်သည်ဟုဆိုသည်။

ထုတ်ပြန်

အေပီသတင်းဌာန၏ ဖော်ပြချက်သည် ကာကွယ်ရေးဌာနမှ ထုတ်ပြန်သည့် စာရင်းထက် ၁၂ ဦးပိုမိုနေသည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ၈၆ ဦး၊ အီတလီတပ်ဖွဲ့ဝင် ၂၀ ဦး၊ ပိုလန်တပ်ဖွဲ့ဝင် ၁၇ ဦး၊ ယူကရိန်းတပ်ဖွဲ့ဝင် ၁၈ ဦး၊ စပိန်တပ်ဖွဲ့ဝင် ၁၁ ဦး၊ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ခုနစ်ဦး၊ ဆလိုဗက်ကီးယားတပ်ဖွဲ့ဝင် သုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့်နယ်သာလင်တပ်ဖွဲ့ဝင်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် ကာဇက်စတန်တပ်ဖွဲ့ဝင် တစ်ဦးစီသေဆုံးကြောင်း ဖော်ပြသည်။

သေဆုံးခဲ့

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်ရေးလုပ်ငန်းများ အဆုံးသတ်ပြီဟု သမ္မတဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅၉ ဦးသည် အီရတ်နိုင်ငံတွင် သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ ၎င်းတို့အနက် ၁၀၂၆ ဦးထက်မနည်းသော တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဟာဒီသာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို မတ် ၁ရက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လယ်ယာစိုက်ပျိုးရေး၊ ကုန်စည်စီးဆင်းမှု ကောင်းမွန်ရေး သယ်ယူပို့ဆောင်ရေးကွန်ရက် တရုတ်နိုင်ငံ တိုးချဲ့မည်

ပေကျင်း မတ် ၁

တရုတ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ၏ ကုန်စည်စီးဆင်းမှု ကောင်းမွန်ရေးအတွက် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို တိုးချဲ့မည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များအတွက် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို ယခုနှစ်ကုန်ထက် နောက်မကျဘဲ မိုင်ပေါင်း ၂၇၀၀၀ အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

သယ်ယူ ပို့ဆောင်ရေးကွန်ရက် တိုးတက် ကောင်းမွန်လာခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ လတ်ဆတ်သောဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးထွက်ကုန် ပစ္စည်းများ၊ အသား၊ ဥနှင့် နို့တို့ အပါအဝင် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ချောမွေ့စွာပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးဖန်ကျီလင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရုတ်နိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစ၍ ဟင်းသီးဟင်းရွက်များကို မြို့ပြဒေသများသို့ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များကို ပို့ဆောင်သည့် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို တိုးချဲ့သွားရန် ဝန်ကြီးဌာနများက စုပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြသည်။

အခွင့်အရေးများပေး

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ထုတ်လုပ်မှုတွင် အဓိကကျသော အခြေစိုက်စခန်းများကို တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းကွန်ရက်တွင် အကျုံးဝင်သည့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များက စိုက်ပျိုးရေးထွက်ကုန်များအတွက် သယ်ယူပို့ဆောင်ရေး စရိတ်စကများ လျှော့ချနိုင်စေရန် ယင်းထွက်ကုန်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို ဂိတ်ကြေးကောက်ခံမှု လွတ်ငြိမ်းခွင့်ပေးခြင်း၊ အနည်းငယ်မျှသော ဂိတ်ကြေးကိုသာ ကောက်ခံခြင်းစသည့် အခွင့်အရေးများ ပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုအခါ တရုတ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပို့ဆောင်ရာ၌ အသုံးပြုနိုင်သော ခရီးလမ်းပန်းပမာဏမှာ ကီလိုမီတာ ၁၁၀၀၀ ရှိပြီး ပြည်နယ်များအကြား ဆက်သွယ်နိုင်သော လမ်းများကို တိုးချဲ့သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

အက်စ်တာနာ မတ် ၁

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) နိုင်ငံခြားရေးဝန်ကြီးများသည် ကာဇက်စတန်နိုင်ငံ မြို့တော် အက်စ်တာနာတွင် သောကြာနေ့က တွေ့ဆုံဆွေးနွေးကြသည်။

တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျီစတန်၊ ဥဇဘက်ကစ္စတန်နှင့် တာဂျီကစ္စတန်နိုင်ငံတို့ ပါဝင်သော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအုပ်စုဖြစ်သည့် အက်စ်စီအိုအဖွဲ့သည် တစ်ရက်ကြာ အစည်းအဝေးကျင်းပပြီးနောက် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းနိုင်စေရေးအတွက် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်များ ကင်းရှင်းအောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းစေရန် ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲကို ပြန်လည်ကျင်းပသင့်ကြောင်း၊ နျူကလီးယားလက်နက်ပြဿနာကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းသင့်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အက်စ်စီအို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသအတွင်းတွေ့ကြုံနေရသည့် စိန်ခေါ်မှုသစ်များကိုလည်း ဆွေးနွေးကြသည်။

၂၀၀၁ ခုနှစ် ဇွန်လတွင် ထူထောင်ဖွဲ့စည်းခဲ့သော ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာလုံခြုံမှု ထိန်းသိမ်းစောင့်ရှောက်ရေး၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနေသော အဖွဲ့အစည်းအဖြစ် ရှုမြင်ကြရသည်။

နျူကလီးယားလက်နက် ကင်းရှင်းသော အာရှအလယ်ပိုင်းဒေသ ပေါ်ထွန်းရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်တစ်ရပ် အရေးပါမှုကို မိမိတို့ အလေးအနက်ပြုကြောင်း၊ အာရှအလယ်ပိုင်းနိုင်ငံများသည် ယင်းစာချုပ်ကို ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ကာဇက်စတန်နိုင်ငံ၌ လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း ပူးတွဲ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ကျင့်ဒေသရှိ အထည်ချုပ်စက်ရုံတွင် ပြည်ပသို့တင်ပို့မည့်အထည်များ ချုပ်လုပ်နေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြေငလျင်အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရေး ဂျပန်နိုင်ငံအတွက် အရေးကြီးသောကိစ္စရပ်ဖြစ်

တိုကျို မတ် ၁

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ မြေငလျင်လှုပ်မည်ဆိုပါက စီးပွားရေးအရ ဆုံးရှုံးရမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ ရှိနိုင်ကြောင်း အစိုးရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

မြေငလျင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရေးသည် ဂျပန်နိုင်ငံအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော ကိစ္စရပ်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြေငလျင်လှိုင်းလှုပ်ရှားမှု အများဆုံးဒေသများတွင်ပါဝင်ပြီး အင်အားရစ်ချ်တာ စကေး ၆ သို့မဟုတ် ၆ ထက်ပိုသော မြေငလျင်များ၏ ၂၀ ရာခိုင်နှုန်းလှုပ်ရှားရာ နိုင်ငံဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

မြို့တော်တိုကျိုကို ဗဟိုပြု၍ လှုပ်ခတ်ဖွယ်ရှိသော မြေငလျင်တစ်ခု၏ စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှု ပမာဏကို တရားဝင်ခန့်မှန်း ဖော်ပြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ မြို့တော်တိုကျိုသည် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများ၏ အချက်အချာမြို့ဖြစ်သည်။ အကယ်၍ သာလျှင် မြို့တော်တိုကျိုသည် အင်အားပြင်းထန်သော မြေငလျင်ဘေးဒဏ်ကို တွေ့ကြုံရပါက ပျက်စီးဆုံးရှုံးရမှုတန်ဖိုးသည် ယန်းငွေ ၁၁၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ထရီလီယံ) အထိရှိနိုင်သည်ဆို၏။

ယင်းကဲ့သို့သော အင်အားပြင်းထန်သည့် မြေငလျင်မျိုးလှုပ်မည်ဆိုပါက မြို့တော်တိုကျိုတွင် လူပေါင်း ၁၁၀၀၀ အထိ သေကျေနိုင်ကြောင်း၊ မြေငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ချက်များနှင့်ပတ်သက်၍ အဆိုပါအဖွဲ့က အကြံပြုချက်များကို ယခုနှစ် နွေရာသီဝန်းကျင်ထက် နောက်မကျဘဲ ရေးသားပြုစုသွားမည် ဖြစ်ကြောင်း၊ မြေငလျင် အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ပျက်စီးထိခိုက်ရမှုပမာဏကို လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခန့်မှန်း

အကယ်၍ မြို့တော်တိုကျိုသည် မြေငလျင်ဒဏ်ခံရပါက အဆောက်အအုံများ ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အားနှင့် ရေဖြန့်ဖြူးမှုလုပ်ငန်းများ ပျက်စီးခြင်းကဲ့သို့သော တိုက်ရိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ယန်းငွေ ၆၇ ထရီလီယံဖိုးခန့်ရှိနိုင်ပြီး သွယ်ဝိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ယန်းငွေ ၄၅ ထရီလီယံခန့် ရှိနိုင်ကြောင်း ခန့်မှန်းရသည်။

အမ်အင်အေ၊ရိုက်တာ။

ယူဂန္ဒာမြောက်ပိုင်း ၁၅ခရိုင်တွင် ပိုလီယိုရောဂါကာကွယ်ရေးအစီအစဉ် ဆောင်ရွက်

ကမ်ပါလာ မတ် ၁

ဆူဒန်နိုင်ငံနှင့် ထိစပ်လျက်ရှိသော ခရိုင် ၁၅ ခုတို့တွင် နေထိုင်ကြသည့် ကလေးငယ်ပေါင်း တစ်သန်းကျော်တို့ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးအစီအစဉ်ကို ယူဂန္ဒာနိုင်ငံက ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

အိမ်နီးချင်း ဆူဒန်နိုင်ငံတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပိုလီယိုရောဂါ ဖြစ်ပွားမှုပေါင်း ၁၂၀ ကျော်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံဘက်မှ ကူးစက်ရောဂါများ ယူဂန္ဒာနိုင်ငံသို့ ပျံ့နှံ့လာခြင်း မရှိစေရန် နယ်စပ်ချင်းဆက်စပ်နေသော ယူဂန္ဒာနိုင်ငံ မြောက်ပိုင်းရှိခရိုင် ၁၅ ခုတို့မှ ကလေးပေါင်း ၁ ဒသမ ၄၅ သန်းတို့ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး အစီအစဉ်ကို စတင်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။ ကာကွယ်ဆေးတိုက်ကျွေးရာတွင် မွေးကင်းစအရွယ်မှ အသက်ငါးနှစ်အရွယ်ရှိ ကလေးများအားလုံးကို တိုက်ကျွေးမည်ဖြစ်ပြီး ထိုအစီအစဉ်ကို နှစ်ရက်ကြာ ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုးနှံပေး

တစ်ချိန်တည်းမှာပင် ငါးနှစ်အောက်ကလေးများကိုလည်း ဝက်သက်ကာကွယ်ဆေးကိုပါ ထိုးနှံပေးမည်ဖြစ်သည်။

ထို့အပြင် ကလေးငယ်များကို တီဘီရောဂါ၊ အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ရေး အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၄၅ နှစ်အတွင်းရှိ မိခင်အရွယ် အမျိုးသမီးများကိုလည်း မေးခိုင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်သည်။ ထိုအစီအစဉ်ကို ယူဂန္ဒာကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပင်လယ်ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသော စင်ကာပူနိုင်ငံရှိ ကုန်သေတ္တာစခန်းကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေး စင်ကာပူနှင့် အင်ဒိုနီးရှားဆွေးနွေး

စင်ကာပူ မတ် ၂

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ပင်လယ်ပြင်နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုပြဿနာ ဖြေရှင်းနိုင်ရန်ရည်ရွယ်လျက် နှစ်နိုင်ငံကျွမ်းကျင်သူပညာရှင်အဆင့် ဆွေးနွေးပွဲတစ်ရပ်ကို စင်ကာပူတွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်ကြောင်း ချန်နယ်လ်နယူးစ်အေးရှားရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံ အကြီးအကဲ၏ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် ပင်လယ်ပြင်နယ်နိမိတ် အငြင်းပွားမှုပြဿနာဖြေရှင်းရေးဆိုင်ရာ မူဘောင်တစ်ရပ်ရရှိနိုင်ရန် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် အနာဂတ်ကာလ၌ ကျင်းပသွားမည့် ဆွေးနွေးပွဲများအတွက် အခြေခံမှုများကို သတ်မှတ်နိုင်ရန် ဆွေးနွေးကြကြောင်း၊ နှစ်နိုင်ငံပုံမှန် ဆွေးနွေးပွဲများကို တစ်နိုင်ငံစီတွင် အလှည့်ကျကျင်းပသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တောင်သူလယ်သမားနေ့တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကြက်တောင်ရိုက်ကစားကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ညီလာခံနားရက်တွင် အပန်းဖြေအနားယူ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(တောင်သူလယ်သမားနေ့)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်း၌ပင် ကျန်းမာပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူလျက်ရှိကြသည်။

ယင်းသို့ အပန်းဖြေလျက်ရှိရာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက်စောစောနှင့် ညနေခင်းတို့တွင် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ကြသည့်အပြင် ကိုယ်ကာယကြံ့ခိုင် ကျန်းမာရေးအတွက် မိမိတို့ ကျွမ်းကျင်နှစ်သက်ရာ အားကစားနည်းအလိုက် ဘော်လီဘောကစားခြင်း၊ ဝိုင်းဖွဲ့ ခြင်းခတ်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်လေ့ကျင့်ခြင်း၊ အားကစားရုံ၌ စားပွဲတင်တင်းနစ်ကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ စက်ကိရိယာများဖြင့် ကိုယ်ကာယလေ့ကျင့်ခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ အားကစား လှုပ်ရှားကြသည်။

အတွေ့အကြုံဖလှယ်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်နယ်နှင့်တိုင်း အသီးသီးနှင့် နယ်စပ်တောင်ပေါ်ဒေသ ပြည်ထောင်စုတစ်ဝန်းမှ လာရောက် ဆုံစည်းကြပြီး အနာဂတ် နိုင်ငံတော်အရေးကို စိတ်အားထက်သန်စွာ ဆွေးနွေး ညှိနှိုင်းတိုင်ပင်လျက်ရှိကြရာ ယခုကဲ့သို့ ညီလာခံနားရက်တွင် လက်ဖက်ရည်ဆိုင်၌ လည်းကောင်း၊ အိပ်ဆောင် ဧည့်ခန်းများ၌လည်းကောင်း ဝိုင်းဖွဲ့၍စကားစမြည် ပြောဆိုကြကာ ဒေသအတွေ့အကြုံများကို ဖလှယ်ကြရင်း အပန်းဖြေကြသည်။

ဝယ်ယူအားပေး

ထို့အပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညောင်နှစ်ပင်စခန်းအတွင်း ဖွင့်လှစ်ထားရှိသော သက်သာချောင်ချိရေး အရောင်းဆိုင်များက ရောင်းချပေးလျက်ရှိသည့် အသုံးအဆောင်ပစ္စည်းများ၊ စာအုပ်၊ စာစောင်၊ မှတ်စုစာအုပ်များကို ဝယ်ယူအားပေးကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အငှားဆိုင်မှ ဘာသာရေးစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်စာစောင်များ စသည့် သုတ၊ ရသ စာအုပ်များကို ငှားရမ်းဖတ်ရှုကြသည့်အပြင် အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသော ရုပ်မြင်သံကြား Channel Line များ မှ MRTV၊ MRTV-3 ၊ MRTV-4၊ MWD၊ HBO၊ CNN၊ Star Sport စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ အားကစားသတင်းနှင့် ရသစုံလင် ကြည့်ချင်ဖွယ်ရာများကို ကြည့်ရှုရင်း အပန်းဖြေ အနားယူလျက်ရှိကြသည်။ (သတင်းစဉ်)

USV ကုမ္ပဏီလီမိတက်က တင်သွင်းပြီး Zizawa Healthcare ကုမ္ပဏီက ဖြန့်ဖြူးရောင်းချမည့် Grovit Chewtablets ချောကလက်အရသာ ဗီတာမင်ဆေးပြား ဈေးကွက်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဗီတာမင်ဆေးပြား ဈေးကွက်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂

USV ကုမ္ပဏီလီမိတက်က တင်သွင်းပြီး Zizawa Healthcare ကုမ္ပဏီကဖြန့်ဖြူးရောင်းချမည့် Grovit Chewtablets ချောကလက်အရသာ ဗီတာမင်ဆေးပြား ရောင်းချခြင်း ဈေးကွက်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Zizawa Healthcare မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဦးစောမြအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး USV ကုမ္ပဏီလီမိတက်မှ Country Manager, Mr. Sanjeer Kumar Gupta က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က Grovit Chewtablets အကြောင်း ရှင်းလင်းတင်ပြသည်။ အဆိုပါ Grovit Chewtablets ချောကလက်အရသာ ဗီတာမင်ဆေးပြားကို Grovit Syrup နှင့် Grovit Drops တို့ကို ထုတ်လုပ်သည့် USV ကုမ္ပဏီလီမိတက်က အင်အားပြည့် ဗီတာမင်ဓာတ် ၁၁ မျိုးဖြင့် အဆင့်အတန်းမြင့်မားစွာ ထပ်မံထုတ်လုပ်သည့် အားဆေးတစ်မျိုးဖြစ်သည်။

ဖြန့်ချိ

Grovit Tablet ကို ချောကလက်ကဲ့သို့ ဝါးစား၍ရသောကြောင့် ဆေးမသောက်ချင်သော ကလေးလူကြီးများ အတွက် အထူးသင့်လျော်သည့် ဗီတာမင်အားဆေးဖြစ်ပြီး Zizawa Healthcare က တင်သွင်းဖြန့်ချိသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ တတိယတန်း ဘက်စုံ အုပ်စု ပထမရရှိသူ မသီတာအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မောင်း ဆုချီးမြှင့်စဉ်။ (က-ပ)

မဟာရွှေမြင်းမိုရ် စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရကမ္မဋ္ဌာန်း အလင်းပြတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တ ဝိစ္ဆာဗလ ဦးစီးကျင်းပတော်မူသော မဟာရွှေမြင်းမိုရ် စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရဝဏ်အတွင်း၌ ကျင်းပရာ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီးနှင့် ပင့်သံဃာ ဆရာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစ္ဆာဗလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားတော်မူသည်။

ဖွင့်လှစ်

ယင်းနောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက မဟာရွှေမြင်းမိုရ် စူဠာမဏိဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သင့်ဘဝတိုးတက်ရေး စာကြည့်တိုက် သုံးနှစ်ပြည့် အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပီလခတ်ကျေးရွာအုပ်စု တော်ကေးကျေးရွာရှိ "သင့်ဘဝ တိုးတက်ရေး" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ယင်းစာကြည့်တိုက် သုံးနှစ်ပြည့် အခမ်းအနားကို စာကြည့်တိုက်တည်ရှိရာ တော်ကေးကျေးရွာရှိ အောင်သုခကျောင်းဝင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ကျေးရွာစာဖတ်ပရိသတ်အား ဟောပြောပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

ယင်းနေ့ညပိုင်းတွင် စာပေဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ကျင်းပရာ ကဗျာပြိုင်ပွဲ၌ ဆုရသူ ငါးဦးတို့အား ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်းနှင့် ချစ်နိုင် (စိတ်ပညာ)တို့က စာပေရေးရာများကို ဟောပြောကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	ရှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။	မျိုးချစ်တပ်မတော်
၅:၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Rule of Natural Justice (Adminstrative) (စတုတ္ထနှစ်ဥပဒေ)
၅:၃၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	**ထူးခြားသောကလေးငယ် ကာတွန်းဇာတ်လမ်း (အပိုင်း-၂၇)**
၆:၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း-၁၇)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	မြန်မာ့ရှုခင်း
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း-၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

အင္ဂမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၅) ဖွင့်ပွဲအခမ်းအနား မုံရွာ၌ကျင်းပ

ရန်ကုန် မတ် ၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အင္ဂမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ရှိန်က အင္ဂမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်နှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မုံရွာမြို့ ဦးရွှေဒေါင်းပွဲရုံ ပိုင်ရှင် ဦးသန်းညွန့်က ယင်လုံအိမ်သာ ပလတ်စတစ်ခွက် အစုံ ၅၀အတွက် ငွေကျပ် ၈၀၀၀၀နှင့် ဦးသောင်း (ချင်းတွင်း နေကြာစောင် စက်ရုံ)က ယင်လုံအိမ်သာ ပလတ်စတစ်ခွက် အစုံ ၅၀အတွက် ငွေကျပ် ၈၀၀၀၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ရှိန်က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများကခန်းမအတွင်းခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ ယင်လုံအိမ်သာပုံစံငယ်များ၊ လက်နှိပ်ရေတွင်းနှင့် ရေတွင်းပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တိုးတက်ခဲ့

စစ်ကိုင်းတိုင်းအတွင်း ၁၉၉၈ ခုနှစ် ပထမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ပြီးချိန်တွင် ယင်လုံအိမ်သာသုံးစွဲမှုမှာ ၅၆ ဒသမ ၅ရာခိုင်နှုန်းရှိပြီး ၂၀၀၄ ခုနှစ် သတ္တမနှစ်တွင် ၈၂ ဒသမ ၇ ရာခိုင်နှုန်းထိတိုးတက်ခဲ့ကာ ယခု ၂၀၀၅ ခုနှစ်တွင် ၉၀ရာခိုင်နှုန်းအထိ လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

စစ်ရေးပြစစ်ကြောင်းကြီးများအား အငြိမ့်၊ တေးဂီတနှင့် ရုပ်ရှင်တို့ဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများတည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့ ည ၇နာရီတွင် ဖျော်ဖြေမှုအစီအစဉ်များပြုလုပ်ရာ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းတို့၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် စင်တင်တေးဂီတအဖွဲ့နှင့်အတူ စတီရီယိုတေးသံရှင်များကလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အငြိမ့်၊ အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အငြိမ့်၊အဆို၊အက၊ဟာသများဖြင့်လည်းကောင်း၊ ဇေယျာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ "ဆန်ရေ" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂

ပုဇွန်တောင်မြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၇၂)သာသနဝေပုလ္လတိုက်အုပ်ကျောင်းတွင် ဧပြီ ၈ရက်မှ ၁၈ရက်အထိ ၁၀ရက် အဓိဋ္ဌာန်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကဝိသာရ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် ဓမ္မကထိကဆရာ ဦးဆန်းတင်တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် တရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ဖုန်း- ၂၀၁၂၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် မတ် ၂

ဒေါက်တာညွန့်အောင်(အငြိမ်းစား- ဆေးရုံအုပ်ကြီး)သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာ မျိုးသိန်း (အငြိမ်းစား - ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသန)နှင့် ဦးမောင်ကြီး (Osakaသောက်ရေသန့်၊ မန်နေဂျင်းဒါရိုက်တာ)တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ EV-03 ဘောလုံးကို Wilson Iron No-5 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၅)သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ရုံ(၁)သုဝဏ္ဏ၌ ကျင်းပသော မြန်မာ-ဂျပန် ချစ်ကြည်ရေး အမျိုးသားဘော်လီဘောအသင်းများ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (ကြေးမုံ)

မြန်မာ-ဂျပန်ချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ကျင်းပသော မြန်မာ-ဂျပန်ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတိုးမောင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nobutake Odanoနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ နှင့် ဘော်လီဘောအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင် အမျိုးသားအသင်းနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ်အမျိုးသား ဘော်လီဘောအသင်းတို့သည် သတ်မှတ်နေရာ၌ နေရာယူ၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ဘော်လီအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က နှစ်နိုင်ငံ ဘော်လီဘော လက်ရွေးစင်အားကစားသမားများအား တစ်ဦးချင်းနှုတ်ဆက်ကြပြီး နှစ်နိုင်ငံဘော်လီဘောလက်ရွေးစင် အားကစားသမားများက အလံ၊ ရင်ထိုးတံဆိပ်နှင့်ပန်းစည်းများ လဲလှယ်ကြသည်။

ထို့နောက် မြန်မာ-ဂျပန်ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် ဂျပန်နိုင်ငံ Kinki တက္ကသိုလ် ဘော်လီဘောအသင်းနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၃-၂၅ မှတ်၊ ၂၁-၂၅မှတ်၊ ၂၅-၁၆မှတ်၊ ၂၅-၂၃မှတ်၊ ၁၅-၁၃မှတ်ဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ-ဂျပန်ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို မတ် ၄ရက် ညနေ ၃နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဂုဏ်ပြုညစာ

မြန်မာ-ဂျပန်ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Kinki တက္ကသိုလ် အမျိုးသားဘော်လီဘောအသင်းအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Nobutake Odano၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဘော်လီဘော အားကစားတာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် အမှုဆောင်များ၊ ဂျပန်နိုင်ငံ Kinki တက္ကသိုလ် အမျိုးသား ဘော်လီဘော အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဧည့်သည်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဧည့်သည် ဂျပန်နိုင်ငံမှ Kinki တက္ကသိုလ် အမျိုးသား ဘော်လီဘောအသင်း အဖွဲ့ခေါင်းဆောင် Hideyuki Mitsuyama က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌက ဝန်ကြီး၊ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ် အမျိုးသားဘော်လီဘောအသင်းဝင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် ဂျပန်နိုင်ငံ Kinki တက္ကသိုလ်အမျိုးသား ဘော်လီဘောအသင်း အဖွဲ့ခေါင်းဆောင်တို့သည် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပရာ အလှူရှင် ဦးကျော်မြင့် (သိပ္ပံကျော်)နှင့် ဇနီး ဒေါ်ကြူကြူဝင်း (သူနာပြုတက္ကသိုလ်)တို့က ကျပ်တစ်သိန်းတန်ဖိုးရှိ ဆုတံဆိပ်နှင့် ဗလာစာအုပ်များလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပြီး မှတ်တမ်းဓာတ်ပုံ ပေးအပ်စဉ်။(က-ပ)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲ (ပဥ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက်။ ၆-၃-၂၀၀၅(တနင်္ဂနွေနေ့)

အချိန် ။ နံနက် (၉)နာရီ

နေရာ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီတက်ရောက် လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ရှင်းလင်း တင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား လှည်းကူးမြို့နယ် ကလီထော်(အနောက်) ကျေးရွာအနီး ငမိုးရိပ်ချောင်းဖြတ်ရေငုပ်ပြွန် တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(မြို့တော်စည်ပင်)

✧ **ရှေ့ဖုံးမှ**

ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန် တည်ဆောက်နေမှု လုပ်ငန်းအဆင့်ဆင့်နှင့် အချင်း၇ဖလက်မရှိ သံမဏိပိုက်များ ထုတ်လုပ်အသုံးပြု ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး ရေယူ အအောက်အအုံနှင့် ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ငမိုးရိပ်ချောင်းဖြတ် ရေငုပ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မှော်ဘီမြို့နယ်၊ အထယုကျေးရွာအနီးရန်ကုန် မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေစစ်ကန်၊အနည်ထိုင်ကန်၊ ရေတွန်းစက်ရုံ၊ ရေစုကန်နှင့်လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ရန်ကုန်မြို့တော်သို့ ပေးဝေမည့် သောက်သုံးရေ သန့်ရှင်းကြည်လင်ရန်နှင့် ကျန်းမာရေး ညီညွတ်စေရန် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် မြို့တော် ရေပေးဝေရေးလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ မြို့တော်နေပြည်သူများ များပြားလာသည်ဖြစ်ရာ သောက်သုံးရေ လုံလောက်မှုရှိရန်နှင့် ကျန်းမာရေး ညီညွတ် စေရန် ဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့် ပြုန်းတီးမှုများမရှိစေရန် စနစ်တကျ လုပ် ဆောင်ရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တော်သို့ ပေးဝေမည့် ငမိုးရိပ် ဆည် ပင်မတူးမြောင်းမှ ရေအနည်ထိုင်သန့်စင်ခြင်း လက်တွေ့ဆောင်ရွက်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)လုပ်ငန်းတစ်ခုလုံးပြီးစီးပါက ရန်ကုန်မြို့တော်သို့ နေ့စဉ်ပေးဝေလျက်ရှိသည့် ရေဂါလန်၉၅သန်းအပြင် နေ့စဉ်ရေဂါလန် သန်း ၁၄၀ ထပ်မံဖြည့်တင်း ပေးဝေသွားနိုင်မည် ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) တည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက မြို့တော် ရေပေးဝေရေးလုပ်ငန်းအဆင့်ဆင့်ကို ပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြစဉ်။
(မြို့တော်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၅ (ကြာသပတေးနေ့)
၁၃၆၆ခုနှစ်၊တပို့တွဲလပြည့်ကျော်(၈)ရက်
(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ဘိုင်းဒါးရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သတ္တဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချန်သစ်၊ယင်းမာ) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၅:၅၅ ၉။ မြန်မာစာမြန်မာစကား
- ၆:၁၀၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀၁၂။ ညနေခင်းသတင်း
- ၇:၀၀၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"(အပိုင်း-၁၁)**
- ၇:၃၅ ၁၅။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၅၁၆။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၈:၀၀၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းကင်ရဲ့အဖော်" (အပိုင်း-၁) (ဒွေး၊နန္ဒာလှိုင်၊မြတ်ကေသီအောင်၊လင်းဇာနည်ဇော်၊ မြသဥ္ဇာလီ၊ရတနာခင်) (ဒါရိုက်တာ-မောင်ဖေဒါ)**
- ၂၁။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ဘိုကလေးမြို့နယ်အသင်း ရွှေရတုနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ရွှေရတု အထိမ်းအမှတ် ဂုဏ်ပြုပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှစတင်၍ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားဝင်းရှိ အသင်းပိုင် သိမ်၊ ကျောင်း၊ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန် ဆုပေးပွဲအတွက် ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံပုဂ္ဂိုလ်များ အသင်းတိုက်သို့ မတ်၁၅ရက်နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများ၊ဂုဏ်ပြုလက်ဆောင်ပေးအပ်လိုသူများအသင်းတိုက် ဖုန်း-၂၁၂၅၀၈၊ အသင်းဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း-၂၉၁၃၃၈၊ တွဲဖက် အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၀၉-၅၁၀-၂၉၄၄ နှင့် ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်စိန် ဖုန်း-၅၄၃၇၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တနင်္သာရီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ အဒွင်း-ပရည်တောင်သွား ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်က ကျောက်ဖျာ၊ ကဘင်း၊ အဒွင်း-ပရည်တောင်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုနှင့် ပရည်တောင်ချောင်းကူးတံတားဆောက်လုပ်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်မြိတ်မြို့နယ် ကဘင်းကျေးရွာအနီး အစိုးရနည်းပညာကောလိပ်ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ကဘင်း-အထူးဆိပ် ကျေးရွာချင်းဆက် လမ်းအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မြိတ်မြို့ စန္ဒဝတ်ကျေးရွာ စန္ဒဝတ်ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေတိဂုံပုံတူ မဟာသိဒ္ဓိဇယစေတီတော်သို့ရောက်ရှိပြီး အဆိုပါစေတီတော်၌ ကျင်းပသည့် မဟာသိဒ္ဓိဇယစေတီတော် ရွှေထီးတော်တင်လှူပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင် မပေါ့နှင့်။

ရန်ကုန်မြို့တော်ကြီးကို အကွက်အကွင်းကျကျ စနစ်တကျဖြစ်စေရေး ရေရှည်မြော်တွေးဆောင်ရွက်ပေးလျက်ရှိ နှစ်ကြာသည်နှင့်အမျှ လူဦးရေတိုးပွားလာမည့်အပြင် ကူးသန်းရောင်းဝယ်ရာတွင် အဓိကမြို့တော်အဖြစ်တည်ရှိနေမည်

❍ မြို့ပြအိမ်ရာမှ

ရန်ကုန်မြို့တော်ကြီးကို ဘက်ပေါင်းစုံမှ ပြုပြင်တည်ဆောက်လျက်ရှိရာ မြို့တော်ရေပေးဝေရေးတွင် တစ်နေ့ရေဂါလန်၉၅သန်းအပြင် မြို့တော်သူမြို့တော်သားများ ရေကောင်းရေသန့် ဖူလုံစွာရရှိစေရေးအတွက် ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထက်ပါစီမံကိန်းကြီး ပြီးစီးသွားပါက ရန်ကုန်မြို့တော်တွင် လက်ရှိရေဂါလန်၉၅သန်းအပြင် တစ်နေ့ရေဂါလန်သန်း၁၄၀ ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်သည်။

မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်ရေး

ဖော်ပြပါစီမံကိန်းများအပြင် မြို့တော်ကြီးတွင် အဓိကအခန်းကဏ္ဍမှ တစ်ခုအပါအဝင်ဖြစ်သည့် မြို့ပြအိမ်ရာ တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) က စနစ်တကျဆောင်ရွက်လျက်ရှိသည်။ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမှုကို ကြိုတင်ဆောင်ရွက်ထားခြင်းကြောင့် ရေရှည်တွင် မြို့တော်၏အလှကို ကျက်သရေဆောင်သွားနိုင်မည်ဖြစ်ပေသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံများနှင့် ပတ်သက်၍ ဆောက်လုပ်နိုင်သည့် အနေအထားတိုင်းကို စိစစ်ခွင့်ပြုလျက်ရှိရာ အစိုးရမြေ အမည်ပေါက်မှလွဲ၍ မြို့တော်ကြီး စည်ပင်သာယာလှပတင့်တယ်ပြီး အများပြည်သူအကျိုးကို မထိခိုက်စေသည့် ကိစ္စမှန်သမျှတွင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကိုယ်ပိုင်အိမ်ရာဆောက်လုပ်လိုသူများ၊ အဆောက်အအုံအကြီးစား ပြင်ဆင်လိုသူများ၊ တိုးချဲ့လိုသူများ၊ အသေးစားပြင်ဆင်လိုသူများ အခက်အခဲမရှိရလေအောင် အင်ဂျင်နီယာဌာန (အဆောက်အအုံ) က စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ အဆောက်အအုံဆောက်လုပ်လိုသူများ၊ ပြင်ဆင်လိုသူများအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ စံနှုန်းစံထားများကို ကြိုတင်သိရှိပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် အဆောက်အအုံဆောက်လုပ်မှု၊ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားသည်။ မြို့တော်ဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည်။ အဆောက်အအုံသစ် ဆောက်လုပ်လိုသူများ၊ တိုးချဲ့လိုသူများ၊ အကြီးစားပြင်ဆင်လိုသူများနှင့် မြေဂရန်သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်းခြင်း၊ ဂရန်မိတ္တူလျှောက်ထားခြင်း၊ မြေပုံ မြေရာဇဝင် လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်းစသည့်လုပ်ငန်းများကို ရုံးပိတ်ရက်မှအပ နေ့စဉ်မြို့တော်ခန်းမ ပထမထပ်ခန်းမကြီးတွင် မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီခွဲအထိ အဆင်ပြေ ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစားပြင်ဆင်ခြင်း

ဆောက်လုပ်ရေးနှင့် ပတ်သက်၍ အသေးစားပြင်ဆင်ခြင်းဆိုသည်မှာ မူလအရွယ်အစား၊ မူလပစ္စည်းများ မပြောင်းလဲဘဲ မျိုးတူပစ္စည်းအသစ်များဖြင့် ပြင်ဆင်ခြင်းတို့ကို ဆိုလိုပါသည်။ အထက်ပါအသေးစား ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင်ပင် ခွင့်ပြုချက်ပေးထားပါသည်။ သို့ရာတွင် လမ်းမကြီးပေါ်ရှိ အဆောက်အအုံ အသေးစားပြုပြင်ခြင်း ခွင့်ပြုချက်ကိုမူ အင်ဂျင်နီယာဌာန(အဆောက်အအုံ) က ကွင်းဆင်းစစ်ဆေးပြီး မှုနှင့်အညီ ခွင့်ပြုပါသည်။

အဆောက်အအုံအကြီးစားပြင်ဆင်ခြင်းဆိုသည်မှာ မူလရှိပြီးအဆောက်အအုံကို တိုးချဲ့ခြင်း၊ မြှင့်တင်ခြင်း၊ နှိမ့်ချခြင်းမပြုဘဲ မူလပစ္စည်းအမျိုးအစား(သို့မဟုတ်) ၎င်းထက် ပိုမိုခိုင်ခံ့သောပစ္စည်းများကို ပြောင်းလဲသုံးစွဲပြီး ရှိရင်းပုံသဏ္ဌာန်ကို မပြောင်းလဲပြင်ဆင်ခြင်းကို ဆိုလိုပါသည်။ အထက်ပါ အကြီးစား ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သောစာရွက်စာတမ်းများမှာ–

၁။ မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူမှန်များ(မူရင်းနှင့်တိုက်ဆိုင် စစ်ဆေးလက်ခံရန်ဖြစ်သည်)
၂။ ပြင်ဆင်လိုသည့်အဆောက်အအုံ၏ဓာတ်ပုံနှင့် ပြင်ဆင်လိုသည့် အစိတ်အပိုင်းများ၏ဓာတ်ပုံ
၃။ လက်ရှိအဆောက်အအုံနှင့် ပြင်ဆင်မည့်အဆောက်အအုံ ပုံစံသုံးစုံ (ပြင်ဆင်မည့်အစိတ်အပိုင်းများကို အနီရောင်ခြယ်ပေးရမည်)
၄။ သက်ဆိုင်ရာမြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်
၅။ သက်ဆိုင်ရာရပ်ကွက်အာဏာပိုင်အဖွဲ့အစည်း၏သဘောထားမှတ်ချက်
၆။ အိမ်ငှားဖြစ်ပါက အိမ်ရှင်၏သဘောထားမှတ်ချက်
၇။ အိမ်ရှင်/အိမ်ငှားပြဿနာရှိပါက မြို့နယ်ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ သဘောထားမှတ်ချက်
၈။ လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ
၉။ လျှောက်ထားသူ၏ သန်းခေါင်စာရင်းမိတ္တူတို့ပင်ဖြစ်သည်။

အထက်ဖော်ပြပါအချက်အလက်များပြည့်စုံပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်ပါသည်။

အဆောက်အအုံမွမ်းမံခြင်းနှင့် တိုးချဲ့ခြင်း Renovion and Extension အဖြစ် အဆောက်အအုံအစိတ်အပိုင်းတစ်ခုကို သီးသီးသန့်သန့်ပြင်ဆင်ခြင်းမဟုတ်ပါဘဲ လိုအပ်သောအစိတ်အပိုင်းမှန်သမျှကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုမိုကောင်းမွန်ခိုင်ခံ့အောင်ပြုပြင်ခြင်း၊ ပစ္စည်းအမျိုးအစားပြောင်းလဲခြင်း၊ အကြီးစားထက်ပိုမို၍ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများကို တရားဝင်လျှောက်ထားပြီးမှ ဆောင်ရွက်ခွင့်ရှိသည်။ ဌာနအနေဖြင့် အဆောက်အအုံနည်းဥပဒေများအရ အရွယ်အစားပြောင်းလဲခြင်း၊ ပစ္စည်းပစ္စယပြောင်းလဲလုပ်ကိုင်ခြင်းများကို နည်းမှန်လမ်းမှန်ဆောင်ရွက်ပေးနိုင်ပါသည်။

စိစစ်စစ်ဆေးပေး

အဆောက်အအုံဆိုသည်မှာ မြေကြီးပေါ်တွင် တည်ဆောက်ခြင်းကိုဆိုလိုပါသည်။ ထို့ကြောင့် မြေကြီးသည် ပိုင်ဆိုင်မှုကင်းရှင်းရန် အလွန်အရေးကြီးပါသည်။ ဌာနအနေဖြင့်လည်း သေချာစွာ စိစစ်ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြေတစ်ခုပေါ်တွင် အဆောက်အအုံတစ်ခုကို အကြီးစားပြင်ပြင်၊ တိုးချဲ့တိုးချဲ့၊ အသစ်ဆောက်ဆောက် ဌာနကိုတင်ပြလျှင် သုံးနှစ်အတွင်း ရထားသောမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနကထုတ်ပေးထားသော မြေပုံ/မြေရာဇဝင်ကို တင်ပြရပါသည်။ တင်ပြသည့်အခါမှသာ လက်ခံစိစစ် စစ်ဆေးပေးပါသည်။

အဆောက်အအုံသစ် ဆောက်လုပ်လိုသူများ၊ အကြီးစားပြင်ဆင်လိုသူများ၊ အဆောက်အအုံတိုးချဲ့ ဆောက်လုပ်လိုသူများအတွက် မြို့တော်ဝန်ဦးစီး၍ ရုံးပိတ်ရက်မှအပ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီခွဲအထိ မြို့တော်ခန်းမ ပထမထပ်ခန်းမကြီး၌ ဤသို့ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ဓာတ်ပုံ–သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

မြေဆိုသည့်နေရာ၌ အမည်ပေါက်ပိုင်ဆိုင်ခြင်းနှင့် သားစဉ်မြေးဆက်ပိုင်ဆိုင်ခြင်းစသည့် မြို့မြေရာဇဝင်တွင် အမည်ပေါက်မှန်ကန်လျှင် အလွယ်တကူအဆောက်အအုံဆောက်နိုင်ပါသည်။ အချို့ကိစ္စရပ်များတွင် မြေအမည်မပေါက်သေးသော်လည်း စဉ်ဆက်မပြတ် အရပ်စာချုပ်ဖြင့်ဝယ်ခြင်း၊ အဆိုပါမြေများတွင် တိုင်းရင်းသားအမည်၊ နိုင်ငံခြားသားအမည်ပေါက်များရှိသော်လည်း လက်ရှိနေထိုင်သူမှာအဆိုပါမြေ၌ ရိုးမြေကျနေထိုင်လာခြင်းကြောင့် အဆောက်အအုံသစ်ပြန်ဆောက်လုပ်ရန် ဆန္ဒရှိလာလေ့ရှိသည်။ ထိုအခါဌာနအနေဖြင့် မူဘောင်အတွင်းဝင်အောင်စနစ်တကျစစ်ဆေးအကြံပြုပြီး လိုအပ်သည့် စာရွက်စာတမ်းများပြည့်စုံပါက အစည်းအဝေးတွင် ဆုံးဖြတ်၍ ခွင့်ပြုပေးနိုင်ပါသည်။

အမည်ပေါက်မြေပေါ်တွင် အမည်ပေါက်သူ သို့တည်းမဟုတ် တရားဝင်ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသူများအနေဖြင့် အဆောက်အအုံဆောက်လုပ်ရန် တင်ပြလာလျှင် အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ၁၅ရက်အတွင်း အမြန်ဆုံးဆောက်လုပ်ခွင့်ပါမစ် ထုတ်ပေးနိုင်ပါသည်။ အဆောက်အအုံဆောက်လုပ်ရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများလိုအပ်မည်ဖြစ်ပါသည်–

၁။ ဌာနမှသတ်မှတ်လျှောက်လွှာ
၂။ သက်ဆိုင်ရာဌာနမှ သုံးနှစ်အတွင်း ထုတ်ပေးထားသော မြေပုံ/မြေရာဇဝင် မူရင်း
၃။ ဂရန်မိတ္တူ(သို့)နယ်နိမိတ် တိုင်းတာသတ်မှတ်သည့်မြေပုံ (မူရင်းနှင့်တိုက်စစ်ရန်)
၄။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အခွန်ကြွေးကျန်ကင်းရှင်းခြင်းထောက်ခံချက်
၅။ လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူ
၆။ လျှောက်ထားသူကိုယ်တိုင်သက်ရှိထင်ရှားရှိပြီး လက်မှတ်ရေးထိုးလျှောက်ထားခြင်းဖြစ်ကြောင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၇။ ဘေးမြေကွက်များမှ ကန့်ကွက်ရန်မရှိကြောင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၈။ အိမ်ငှားမရှိလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် အိမ်ငှားရှိလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်အပြင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်
၉။ လိုင်စင်ရအင်ဂျင်နီယာက လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံသုံးစုံနှင့် ပစ္စည်းစာရင်းသုံးစုံ
၁၀။ သုံးထပ်နှင့်အထက် အဆောက်အအုံများအတွက် အဆောက်အအုံအင်ဂျင်နီယာ (SEC) က တွက်ချက်တင်ပြထားသည့် အဆောက်အအုံ၏ ခိုင်ခံ့မှုဆိုင်ရာ တွက်ချက်မှုပုံစံနှစ်စုံ
၁၁။ လေးထပ်နှင့်အထက် အဆောက်အအုံများအတွက် အဆိုပါအချက်အလက်များအပြင် အောက်ပါအချက်အလက်များကို တင်ပြရန်ဖြစ်ပါသည်–
(က) မြေပိုင်ရှင်က လိုင်စင်ရကန်ထရိုက်တာနှင့်သာ ဆောက်လုပ်မည်ဟူသော ဝန်ခံချက်
(ခ) လိုင်စင်ရကန်ထရိုက်တာက ကိုယ်တိုင်ဆောက်မည်ဖြစ်ကြောင်း ဝန်ခံချက်
(ဂ) မြေပိုင်ရှင်၊ကန်ထရိုက်၊ လိုင်စင်ရအင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီ ယာတို့၏ အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိ
(ဃ) မြေခံနိုင်အား စမ်းသပ်နိုင်မှု (Soil Test)စသည့် အချက်အလက်များ အစုံအလင်ပါဝင်ရမည် ဖြစ်ပါသည်။

ခြံစည်းရိုးခတ်သည့်ကိစ္စတွင်လည်း အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ခွင့်ပြုချက်မရရှိပါဘဲ မိမိသဘောဖြင့် ခတ်ခွင့်မရှိပေ။ ခြံစည်းရိုးခတ်ခွင့်ပြုရန် ဌာနသို့ တင်ပြလာလျှင် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ပိုင်ဆိုင်မှု နယ်နိမိတ်ပြ မြေပုံကို အခြေခံ လျှောက်ထားရပါသည်။ လျှောက်ထားမှုအပေါ် မူတည်ပြီး အင်ဂျင်နီယာဌာန (အဆောက်အအုံ) မြေယာအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး မှန်ကန်ကိုက်ညီလျှင်ခွင့်ပြုပေးပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို အကွက်ကွင်းကျကျ စနစ်တကျဖြစ်စေရေးအတွက် ရေရှည်မြော်တွေးပြီး စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိနေပါသည်။ နှစ်များကြာလာသည်နှင့်အမျှ မြို့တော်ကြီးတွင် ယခုထက် လူဦးရေတိုးပွားလာမည့်အပြင် နိုင်ငံ၏ အချက်အချာမြို့တော်ဖြစ်သဖြင့် စီးပွားကူးသန်းရောင်းဝယ်ရာတွင် အဓိကမြို့တော်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

နိုင်ငံတကာမှလည်း လူမှုရေး၊ စီးပွားရေးအရ ဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွှယ်လျက် ရန်ကုန်မြို့တော်ကိုသာ ဦးတည်ဆက်သွယ်လာမည်ဖြစ်သည်။ နှစ်များကြာလာသည်နှင့်အမျှ လူဦးရေ တိုးပွားလာခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းစသည်တို့ဖြင့်လိုက်ဖက်ညီစွာ မြို့တော်ကြီး အဆင့်အတန်းမြင့်တက်လာမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက လုပ်ငန်းဆိုင်ရာများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြရလျှင် မြို့တော်တွင် တိုက်တာ အဆောက်အအုံများ များပြားပြီး စိမ်းလန်းစိုပြည်မှု နည်းပါးလျှင် အမြင်မတင့်နိုင်ပေ။

မြို့တော်ကြီး စိမ်းလန်းစိုပြည်မှုနှင့် လိုက်ဖက်ညီသော အဆောက်အအုံများကိုသာ ဦးစားပေး တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေရှည်တွင် အကျိုးရှိရလေအောင် ဆောင်ရွက်နေသည့် ကာလတွင် အိမ်ရာဆောက်လုပ်ရေးနှင့် ပတ်သက်ပြီး ဆောက်လုပ်သူများ၊ နေထိုင်သူများ၏ ထာဝရအကျိုးစီးပွားကို ရှေးရှုကာ ရန်ကုန်မြို့တော်၏ အလှကိုလည်း ထပ်ဆင့်မြင့်မားအောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အဆောက်အအုံသစ် ဆောက်လုပ်လိုသူများ၊ တိုးချဲ့လိုသူများ၊ အကြီးစားပြင်ဆင်လိုသူများနှင့် မြေဂရန် သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်းခြင်း၊ ဂရန်မိတ္တူလျှောက်ထားခြင်း၊ မြေပုံ မြေရာဇဝင်လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်း စသည့်လုပ်ငန်းများကို ရုံးပိတ်ရက်မှအပ နေ့စဉ်မြို့တော်ခန်းမ ပထမထပ်ခန်းမကြီးတွင် မွန်းတည့် ၁၂နာရီ မှ ညနေ၄နာရီခွဲအထိ အဆင်ပြေ ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ရှားမှု ရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြည်နယ် အဆင့်အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီတွင် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာ စကားပြောကြားသည်။

ထို့နောက် အဋ္ဌမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်တွင် ခင်းကျင်းပြသထားသည့် ဆုရစာစီစာကုံးများ၊အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပိုစတာများ၊ လက်ကမ်းစာစောင်နှင့် ကျေးရွာအဆင့်၌ ဆောင်ရွက်မည့် လုပ်ငန်းများ၊ လက်စွဲစာအုပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အား သံပန်းသံတံခါးများ တပ်ဆင်ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကတ္တရာလမ်းသစ်

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံ လေယာဉ်ကွင်းလမ်းနှင့် တိုင်းစစ်ဌာနချုပ်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် နောင်ခမ်းကတ္တရာလမ်း တိုးချဲ့ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ် တိုးချဲ့ရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် နောင်ခမ်းကတ္တရာလမ်းတစ်လျှောက် ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဝိပဿနာတရား အားထုတ်နိုင်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာတွင် လယ်တီဆရာတော်ကြီး၏နည်းနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိက ဆရာကြီး ဦးဂိုအင်ကာက မတ် ၁၄ ရက်မှ ၂၅ ရက်ထိ လူကြီးများအား လည်းကောင်း၊ မတ် ၂၆ရက်တွင် အသက်ရှစ်နှစ်မှ ၁၂ နှစ်ထိ ကလေးအာနာပါန၊ မတ် ၂၇ရက်မှ ၂၉ရက်အထိ အသက် ၁၃ နှစ်မှ ၁၆ နှစ်ထိ ကလေးအာနာပါနနှင့် ဧပြီ ၁ရက်တွင် လူကြီးများအား ဝိပဿနာတရားများပြသမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဖုန်း-၅၄၉၂၉၀နှင့်၅၄၆၆၆၀တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ သဘာပတိ ဦးအေးကိုက အမှာစကားပြောကြားပြီး မြို့သစ်မြို့နယ်အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်း၊ နှစ်ချုပ် စာရင်းစစ် အစီရင်ခံစာတို့ကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုချက်ရယူကြသည်။

ထို့နောက် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်ကော်မတီသစ်များအား ရွေးချယ်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်၍ အတွေ့အကြုံများ အပြန်အလှန်ဆွေးနွေးခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နယ်စပ်ဒေသနှင့်တိုင်းရင်သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Pham Quang Khon၊ စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး မစ္စတာ ဟဟုန်ဦးစီးအဖွဲ့နှင့် ဟန်နွိုင်းမြို့ ဆိုဖီတယ်ဟိုတယ် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အပြန်အလှန်အတွေ့အကြုံဖလှယ်ကြပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဥက္ကဋ္ဌနှင့် ဝန်ကြီး မစ္စတာကဆာပွတ်အား တွေ့ဆုံပြီး ၎င်းက တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

လှည့်လည်လေ့လာ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံနယ်စပ်ဒေသများဖြစ်သည့် လန်ဆန်းပြည်နယ်၊ ကွမ်နင်းပြည်နယ်နှင့်မဲခေါင် မြစ်ဝကျွန်းပေါ်ဒေသရှိ ထရာဗင်းပြည်နယ်များတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်လေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ညောင်ရိပ်သာတရားစခန်းနှင့် ဒုလ္လဘရဟန်းခံရှင်ပြုပွဲ

ရန်ကုန် မတ် ၂

သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် (၁၀၈)တောင်ဘုရားကြီးအနီးရှိ ညောင်ရိပ်သာတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ဆရာတော် အရှင်ကေသရာဘိဝံသက ခုနစ်ရက်တရားစခန်းပွဲများကို မတ် ၂၄ ရက်မှ ၃၀ရက်အထိ လည်းကောင်း၊ ဧပြီ ၁၀ရက်မှ ၁၆ရက်အထိလည်းကောင်း ဟောကြားပြသမည်ဖြစ်သည်။

ထို့ပြင် တရားစခန်းပွဲများနှင့်အတူ စုပေါင်းဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲ၊ သာသနာ့နွယ်သီလရှင်ဝတ်ပွဲနှင့် အလှူရှင် ဦးကျော်ကျော်မန်း-ဒေါ်ခင်မြတ်မွန်မိသားစု၏ ကွန်ကရစ်လမ်းအလှူ ရေစက်ချပွဲကိုပါ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများသည် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒများ ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း(အနောက်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့်အတူ ပန်းတောင်းမြို့နယ် ကွင်းလှကျေးရွာဓမ္မာရုံ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့တက်ရောက်ပြီး ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်နှင့် အသင်းကြီး၏မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသင်းဝင်အဆိုပြုလွှာများကို လက်ခံယူ၍ ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် တိုင်းအသင်း အတွင်းရေးမှူး ဦးမင်းဟန်က စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ကြခင်းမြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် အတူ မျောက်ချောကုန်းစုပြကျေးရွာ ပရဟိတကျောင်းသို့ ရောက်ရှိပြီး ပရဟိတကျောင်း ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျောင်းသားများအတွက် အဝတ်အထည်များနှင့် အလှူငွေများကို ဂေဟာမှူး ဦးလှသိန်းထံသို့ ပေးအပ်သည်။ ဆက်လက်၍ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများအတွက် အလှူငွေကို ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင်ထံ ပေးအပ်သည်။

ယင်းနေ့ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့သို့ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းရုံး၌တွေ့ဆုံ၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုနှင့် ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြုပြင်တည်ဆောက်လျက်ရှိသော မန်ကျည်းကွင်း ကျေးရွာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် (၅၇)လမ်း၊ အမှတ်(၂/၂)နေ မထူးထူးလှိုင်(၃)နှစ်မြောက်မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။

(က-ပ)

➪ လားရှိုးမြို့မှ

မြို့ဦးစေတီတော်တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် အဌမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ အထူးဒေသ(၃)မှ ရှမ်းတိုင်းရင်းသား အဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည့် ဦးလွယ်မောင်နှင့် ဦးကောင်တိုင်း၊ အထူးဒေသ(၅)မှ ကချင်တိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးဇော်ယွန်၊ အထူးဒေသ(၇) ပလောင်တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် ဦးအိုက်မုန်း၊ အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးရန်ကြီးမြင့်၊ မန်ပန်ဒေသ တိုင်းရင်းသား အဖွဲ့ခေါင်းဆောင် ဦးစိုင်းမွန်း၊ တာမိုးညဲဒေသမှ ဦးချစ်ဆွေနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ စေတီတော် တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က စေတီတော် တည်ဆောက်ရေး လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး မန်ပန်ဒေသ တိုင်းရင်းသား အဖွဲ့ ခေါင်းဆောင် ဦးစိုင်းမွန်းက ရန်တိုင်းအောင် မြို့ဦးစေတီတော် ရေရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ စေတီတော် တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ အေးရှားဝေါလ်ကုမ္ပဏီမှ ဦးတင်ကိုကိုက စေတီတော်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင် ဦးကျော်ဇောက ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် မူဆယ်မြို့ ၁၀၅ မိုင်စခန်းရှိ ရန်တိုင်းအောင် ဆုတောင်းပြည့် စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အထူးဒေသ (၃) ရှမ်းတိုင်းရင်းသား အဖွဲ့ကိုယ်စား ဦးလွယ်မောင်နှင့် ဦးကောင်တိုင်း၊ အထူးဒေသ (၅) ကချင်တိုင်းရင်းသား အဖွဲ့ကိုယ်စား ဦးဇော်ယွန်၊ မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် ဦးစိုင်းမွန်း၊ အထူးဒေသ(၇) ပလောင်တိုင်းရင်းသား အဖွဲ့ကိုယ်စား ဦးအိုက်မုန်း၊ အထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားအဖွဲ့ကိုယ်စား ဦးရန်ကြီးမြင့်၊ တာမိုးညဲဒေသခံ တိုင်းရင်းသားအဖွဲ့ကိုယ်စား ဦးချစ်ဆွေတို့က အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင် ၁၅ ဦးတို့က အလှူငွေများဆက်လက် ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ပန်းလည်တိုင်၊ ငှက်မြတ်နားတော်များနှင့် မူဆယ်မြို့ ၁၀၅ မိုင်စခန်းရှိ ရန်တိုင်းအောင် ဆုတောင်းပြည့် စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တိုင်းရင်းသား ခေါင်းဆောင်များ အဖွဲ့သည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တိုင်းရင်းသား ခေါင်းဆောင်များ အဖွဲ့သည် စေတီတော်အနီးရှိ သာသနာအေးဘုန်းတော်ကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇနိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အထူးအထွက်တိုး ဆင်းရွှေလီပဲပုပ် စံပြဧက ၁၀၀ စိုက်ခင်းသို့လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစိုက်ခင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် စခန်းရုံးမိသားစုများ၏ စံပြ နှစ်ရှည်ဆင်းရွှေလီ လိုင်ချီးအပင် ၁၀၀၀နှင့် သီးညှပ်နေကြာစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စိုက်ခင်းမှ ထွက်ရှိသည့် ပဲပုပ်နှင့် နေကြာမျိုးစေ့များ၊ ပဲပုပ်မှ ထုတ်လုပ်သော စားသောက်ဖွယ်ရာ ထွက်ကုန်ပစ္စည်းများကိုကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးက မိုင်းရယ်မြို့နယ် ဆောင်ကျဲကျေးရွာ ရေမောင်းတံဘုန်းတော်ကြီးကျောင်း တည်ဆောက်ရေးအတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဒေသခံ ရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးလွယ်မောင်နှင့် ဦးကောင်တိုင်းတို့က လက်ခံရယူကြသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန် လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်ကတိုး၊ ကောနုပ်သို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကောနုပ်လမ်းကျောက်ခင်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကောနုပ်ဘုရားသို့ ရောက်ရှိ၍ ရှေးဟောင်းဘုရားပြုပြင်နေမှုများအား ကြည့်ရှုကာ ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဘုရားအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့နောက် ကတိုးတိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ လူနာများအား ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကျေးလက်ရေရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုကာ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဆောက်လုပ်မည့် အိမ်တွင်းမှုပညာသင်တန်းကျောင်း မြေနေရာကို ကြည့်ရှုရာ တာဝန်ရှိသူများက ကျောင်းဆောက်မည့် အခြေအနေများကို တင်ပြကြသည်။ ထို့နောက် မုဒုံမြို့ ကွမ်တုံရပ် အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှု၍ ဒေသအာဏာပိုင်များ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အားပေး

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် မုဒုံမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာ တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုပြီး အဘိုးအဘွားများအား အားပေး သည်။

တွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရေးမြို့နယ် ဟံဂံကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။ ထို့နောက် ရင်းရယ်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထုများ ပူးပေါင်းဆောက်လုပ်ထားသော ကျောင်းဆောင်သစ်ကိုကြည့်ရှု၍ ကျောင်းခန်းမ၌ နယ်မြေခံတပ်မှ အရာရှိများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

မှာကြား

ဆက်လက်၍ ခေါဇာမြို့သို့ ရောက်ရှိပြီး ခမ္မာရုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းများ ကောင်းမွန်ရေးတို့ကို ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ခေါဇာမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ စုပေါင်းရုံးများ ဆောက်လုပ်မည့်နေရာကို ကြည့်ရှုသည်။ ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ဒူးယားတိုက်နယ် ဆေးရုံ ဆောက်လုပ်နေမှုကိုကြည့်ရှုပြီး ကျေးရွာ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ညပိုင်းတွင် ထီးဖြူတောင် ကျေးရွာသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ကျေးရွာလူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး မှာကြားကာ ကိုယ်အားကိုယ်ကိုး ကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ရေးမြို့ တပ်နယ်ရိပ်သာ၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် လမိုင်းမြို့သို့ရောက်ရှိ၍ ကျိုက်ကေလာသ စေတီတော်အား ဖူးမြော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှု

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် စေတီတော်ဓမ္မာရုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး လမိုင်းမြို့ သာယာလှပစေရေး လုပ်ငန်းများကို မှာကြားသည်။ စုပေါင်းရုံးများ ဆောက်လုပ်ထားရှိမှုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဆောက်လုပ်မည့်နေရာကို ကြည့်ရှုသည်။

ဖြည့်ဆည်း

ညနေပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပဆားကွင်းသို့ ရောက်ရှိပြီး ဆားထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရန်၊ ရိုးသားကြိုးစားစွာဖြင့် တာဝန်ထမ်းဆောင် ကြရန်မှာကြားကာ ဆားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မတ် ၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခေတ္တပြည်နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို တက်တက်ကြွကြွ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပေါင်မြို့နယ် မုတ္တမကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ထန်းပင်ချောင်ဆားကွင်းသို့ ရောက်ရှိရာ မန်နေဂျာက ဆားထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဆားရာသီအတွက် သတ်မှတ်လျာထားချက် ပြည့်မီအောင် ဆောင်ရွက်ရန်၊ ဆားရည်လှောင်ကန်တိုးချဲ့ရန်၊ ဆားကွင်းများတိုးချဲ့ ဖော်ထုတ်သွားရန် မှာကြားပြီး ဆားထုတ်လုပ် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

မတ် ၂ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ် (၁/၂၀၀၅)သင်တန်းသား၊ သင်တန်းသူများ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ ကြည့်ရှုလေ့လာကြစဉ်။

(ပြန်/ဆက်)

မြန်မာနိုင်ငံ ပြင်ပ၌ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂

ယနေ့မတ် ၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ၊ ၁၉ မိနစ်၊ စက္ကန့် ၃၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၂၆၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မိဘများအား အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မိဘများအား အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကလေးမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက် ကျန်းမာရေးစီမံကိန်း ဦးစီးဌာန၊ ဗဟိုကျန်းမာရေးပညာပေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်သန်းဦးက "ကလေးသူငယ် ကျန်းမာ ဖွံ့ဖြိုးရေးနှင့် မိဘများ၏ ကဏ္ဍ"အကြောင်းကို လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှရီက "ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး" အကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသိပညာပေး ဟောပြောပေးကြသည့် ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မိဘများအား အသိပညာပေး အခမ်းအနားတွင် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မြို့တော်ဂေါက်ကွင်း၌ ဗိုလ်လုပွဲစဉ် ကျင်းပမည်

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd နှင့် Han Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်ကို မတ် ၅ ရက်နှင့် ၆ ရက် တို့တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပထမပွဲစဉ်(ရန်ကုန်)မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား ဦးဇော်မင်းအေး၊ ဦးကျော်ဆန်းလွင်၊ ဦးသိန်းလင်းထွဋ်နှင့် ဦးအုန်းရွှေ၊ ဒုတိယပွဲစဉ်(မန္တလေး)မှ အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမား ဦးအေးကို၊ ဦးစိုင်းကြူ၊ ဦးတေဇာလင်းနှင့် ဦးမောင်ညို၊ တတိယပွဲစဉ်(လားရှိုး)မှ အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမား ဦးစိုးမိုးအောင်၊ ဦးလောစူး၊ ဦးစိုင်းဟန်းလှိုင်နှင့် ဦးသားကြီး၊ စတုတ္ထပွဲစဉ်(မြိတ်)မှ အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမား ဦးကျော်ဟိန်း၊ ဦးအောင်သန်း၊ ဦးဝင်းသိန်းနှင့် ဦးဆန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မတ် ၆ ရက်တွင် ဗိုလ်လုပွဲစဉ်နှင့် အတူ Pro-Am ပွဲစဉ်ကိုလည်း ကျင်းပသွားမည် ဖြစ်သည်။

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co-spomsors များဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping (Pan Dagon Int Ltd.) နှင့် Traders Hotel တို့က ပံ့ပိုးပေးကြမည်ဖြစ်သည်။ (ကြေးမုံ)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မသီရိအောင်ကြည်အား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေ ဆုချီးမြှင့်စဉ်။ (၆၄)

ဥယျာဉ်မှူး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၂

တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် ဥယျာဉ်မှူး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကျောက်မြောင်းအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညွန့်လှိုင်က စာကြည့်တိုက်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စေတနာရှင် ရပ်ကွက်ပြည်သူငါးဦးတို့က စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ်တစ်သောင်းစီ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**

ရုပ်ရှင်

ပုဂံပြည်မှ ပန်းနုံ့သာ မေတ္တာဘွဲ့ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် မတ် ၂

ယခု သောကြာပတ်တွင် စနိုးပိုက် ရုပ်ရှင်မှ ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်) ရိုက်ကူး၍ နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ချိုပြုံးနှင့် ဆုပန်ထွာတို့ သရုပ်ဆောင်ပါဝင်သည့် **ပုဂံပြည်မှ ပန်းနုံ့သာ** မေတ္တာဘွဲ့ဇာတ်ကား သမ္မတနှင့်သွင်ရုံတွင်ဆက်လက်ပြသနေသည်။

ဆက်လက်၍ ဥဿဖရားရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦးနှင့် မြင့်မြင့်ခိုင်တို့ သရုပ်ဆောင်ပါဝင်သည့် **ငိုအားထက်ရယ်အားသန်** အချစ်ဇာတ်မြူးဇာတ်ကား ရွှေဆောင်၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် အောင်ပွဲခံပြသဆဲ ရှိသည်။

မင်္ဂလာရုံတွင် King Akthur အမည်ရှိ ခမ်းနားကြီးကျယ်သော ရောမခေတ်ကို အခြေခံရိုက်ကူးထားသည့် ရာဇဝင် အက်ရှင်ဇာတ်ကား တစ်ကျော့ပြန် ရုံတင်ပြသသည်။

နေပြည်တော်ရုံတွင် National Treasure အမည်ရှိ နိုင်ငံခြားဇာတ်ကားသစ် ရုံတင်ပြသနေသည်။ ရတနာသိုက်ကို သက်စွန့်ဆံဖျား ရှာဖွေကြရာမှ တိုက်ခိုက်ကြပုံများကို ဇာတ်လမ်းဆင်ထားသော စွန့်စားခန်း သည်းထိတ်ရင်ဖို ဇာတ်ကားအဖြစ် ကြည့်ရှုကြရမည် ဖြစ်သည်။

ယခု သောကြာပတ်တွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်နှင့် ပုလဲဝင်းတို့ သရုပ်ဆောင်ပါသည့် **ချစ်လူမိုက်** မေတ္တာဘွဲ့ဇာတ်ကား ရွှေဂုန်ရုံ မြေညီထပ်တွင် ပြသနေသည်။

ရွှေဂုန်ရုံ အပေါ်ထပ်တွင် Main Teradushman အမည်ရှိ ဆင်လိမ္မာသားအမိကို ဇာတ်အိမ်ဖွဲ့ထားသော အိန္ဒိယဇာတ်ကား ပြသနေသည်။

မြို့မရုံတွင် Hum Kisise Kum Nahin အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ မင်းသား အဂျေဒေဝမ်ခန်၊ ဆန်ဂျေးဒတ်နှင့် မင်းသမီး အိုက်စရီဝါရာရိုင်းတို့ လှပစွာ ပြသ သရုပ်ဆောင်ထားကြသည်။

ဆုထူးပန်ရုံတွင် Attefaq အမည်ရှိ အိန္ဒိယအက်ရှင်ဇာတ်ကား ရုံတင်သည်။ သရုပ်ဆောင် ဆွန်နီ ရှတ်သီကရဲ့အရာရှိအဖြစ် ပါဝင်၍ လူဆိုးဂိုဏ်းကို ဖြိုခွင်းပုံ ရိုက်ကူးပြသထားသည်။

ဘုရင်ရုံတွင် Armaan အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။

(ကြေးမုံ)

"ပုဂံပြည်မှ ပန်းနုံ့သာ" ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်ဟန်။

ပြသဆဲ "ငိုအားထက်ရယ်အားသန်" ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့ အမူအရာ။

"ချစ်လူမိုက်" ဇာတ်ကားမှ ရာဇာနေဝင်းနှင့် လွင်မိုးတို့၏ သရုပ်ဆောင်ဟန်။

တောင်တန်းတွေနှင့် ဖယောင်းတိုင် တစ်ကျော့ပြန် ရုံတင်ပြသ

ရန်ကုန် မတ် ၂

ယခု သောကြာပတ်တွင် ဖိုးနစ် သိန်းဟန် ရိုက်ကူး၍ ဒွေး၊ ခိုင်သင်းကြည်၊ စိုးမြတ်နန္ဒာတို့ သရုပ်ဆောင်သော **တောင်တန်းတွေနဲ့ ပင်လယ်ပြာ** ဇာတ်ကား ရွှေမန်းရုံ၌ တစ်ကျော့ပြန်ရုံတင်ပြသသည်။

ဆက်လက်၍ ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူး၍ နေအောင်၊ မင်းမော်ကွန်း၊ မိုမိုမြင့်အောင်၊ ချစ်စနိုးဦးတို့ သရုပ်ဆောင်သော **ဖယောင်းတိုင်** ဇာတ်ကား လှိုင်သာယာ ဝဇီရာ(၂)ရုံ၌ ပြသနေသည်။ **(ကြေးမုံ)**

ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၂၂

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် အဝင် ကျောက်ချောလမ်းသစ်နှင့် ကိုယ့်အားကိုယ်ကိုးရေပိုက်လိုင်း သွယ်တန်းနိုင်မှု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက်က မင်္ဂလာမုခ်ဦး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တက်ရောက်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်

၎င်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဆန်းဝင်းနှင့် ရေပိုက်လိုင်း အလှူရှင်များကိုယ်စား အလှူရှင် ဦးမိုးလွင်တို့က ဖဲကြိုးဖြတ်ပေးကြသည်။

တက်ရောက်

အခမ်းအနားတွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူလေးများ၏ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကများ အပါအဝင် စုစုပေါင်းအင်အား ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ကျီတော်ကုန်းရပ်ကွက်အဝင်လမ်းသည် မူလက မြေသားလမ်းအဖြစ် တည်ရှိခဲ့ရာမှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်၂၇၀၇၂၀၀ ဖြင့် လမ်းအရှည် ၁၄၆၃ ပေ၊ အကျယ် ၁၂ပေရှိကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီး ကိုယ့်အားကိုယ်ကိုး ရေပိုက်လိုင်းအရှည်ပေ ၁၀၀၀ နှင့်အများသုံးအုတ်ရေကန်တို့ကို ပြည်သူများထည့်ဝင် ငွေကျပ်၁၁၄၀၀၀၀ ဖြင့် အဖွဲ့က တာဝန်ယူကြီးကြပ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကတ္တရာထပ်ပိုးလွှာခင်း

ကော့ကရိတ် ဖေဖော်ဝါရီ ၁၀

ကော့ကရိတ်မြို့နယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ပြီးစီး၍ လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည်။

အဆိုပါလမ်းသည်အရှည်ပေ ၃၅၀၀၊ အကျယ် ၃၆ ပေရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထည့်ဝင်ငွေ ကျပ် ၁၅၃၄၄၀၀၀၊ စည်ပင်သာယာကထည့်ဝင်ငွေကျပ် ၁၂၀၀၀၀၀ နှင့်ကတ္တရာ တစ်တန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကထည့်ဝင်ငွေ ကျပ် ၈၀၀၀၀၀နှင့် ပြည်သူ့လူထု ထည့်ဝင်ငွေ ကျပ် ၄၄၆၆၇၀၀ ဖြင့် ကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(၅၃၀)**

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးအဝင်လမ်းကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန် တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ဖေဖော်ဝါရီ ၁ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖွင့်လှစ်

ဖေဖော်ဝါရီ ၆ရက်က တမူးမြို့နယ် ပြည်တော်သာလမ်း အပိုင်း(၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် လမ်းကော်မတီဝင် ဦးမေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

ဇလွန် ဖေဖော်ဝါရီ ၂၀

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး(အခွန်) ဒေါ်အေးမြတ်သူ ဦးစီးသည့်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်က မြို့နယ် မီးသတ်တာဝန်ခံ ဦးတင်မြ၊ ဒေါင့်ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်အတူ ဒေါင့်ကြီးကျေးလက်ဈေး မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အတွက် ဝဲကြီးဆည်မှရေကို လှေဆိုင်ချောင်းမှတစ်ဆင့် လမ်းဘေးရေသွယ်မြောင်းများ တူးဖော် ရေပေးသွင်းလျက်ရှိရာ ဖေဖော်ဝါရီ ၁၆ရက်က နန်းဦးကျောင်း ရေသွင်းမြောင်း တစ်လျှောက် ရေပေးသွင်းလျက်ရှိသည်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၄၉၇)

ကတ္တရာခင်းခြင်းလုပ်ငန်းစစ်ဆေး

ပုသိမ် ဖေဖော်ဝါရီ ၂၀

ပုသိမ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ပုသိမ်မြို့ နည်းပညာကောလိပ် အဝင်လမ်းမကြီး အရှည်ပေ ၉၂၀၊ အကျယ်ပေ ၅၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ လမ်းဘေးစကြံနှင့် ကပ်တုံးများ ဆောင်ရွက်ခြင်း၊ မြောင်းကူးတံတား တည်ဆောက်ခြင်း၊ အဝင်လမ်းမကြီး ဝဲ/ယာ စိမ်းလန်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်မှုတို့ကို ဖေဖော်ဝါရီ ၁၀ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးရာပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သောင်းတို့က ရှင်းလင်းပြသကြသည်။ **(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

ဇန်နဝါရီ ၃၁ ရက်က ကျိုက်မရောမြို့နယ် နီကုံကျေးရွာလမ်း ဂဝံခင်းခြင်းလုပ်ငန်းတွင် လမ်းဘေးရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို ယာဉ်ယန္တရားများဖြင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

ထားဝယ် ဖေဖော်ဝါရီ ၂၀

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အကြိုအခြေခံမီးသတ်သင်တန်း (၃/၂၀၀၅)ဆင်းပွဲ အခမ်းအနား ကို သရက်ချောင်းမြို့နယ် အရန် မီးသတ်တပ်ဖွဲ့စခန်းတွင် ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်းနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ၁၀ရက်ဖြစ်ပြီး သင်တန်းသား ၄၀ ဦး တက်ရောက် ကြသည်။ **(၅၃၃)**

ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရေစကြို ဖေဖော်ဝါရီ ၁၇

ရေစကြိုမြို့နယ် ကြက်ဆူကျင်းစုံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၄- ၂၀၀၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလှိုင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမေ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့်မိဘများတက်ရောက်ကြသည်။

ရှေ့ဦးစွာ ကျောင်းဘင်ခရာအဖွဲ့က မြန်မာ့ကျောင်းအင်္ဂလိပ်/မြန်မာသီချင်းဖြင့်လည်းကောင်း၊ဆဋ္ဌမတန်းကျောင်းသူလေးများက စုံညီပွဲတော် တို့နွဲ့ပျော်သီချင်းဖြင့် ညွှန့်ခံဖျော်ဖြေကြပြီး (ထက်၊ လယ်၊ မှု) ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အသီးသီးချီးမြှင့်ကြသည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့် သမဝါယမအသင်းလီမိတက်မှစုစည်း၍ သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မတ် ၁ ရက်မှ ၅ ရက်အထိ၊ မန္တလေးမြို့ ဘုရားကြီး (အရှေ့ကွင်း)၌ မတ် ၈ ရက်မှ ၁၂ရက်အထိ၊ ကသာမြို့အားကစားကွင်း၌ မတ် ၁၇ ရက်မှ ၂၁ ရက်အထိ၊ ကောလင်းမြို့ အားကစားကွင်း၌ မတ် ၂၅ ရက်မှ ၂၉ ရက်အထိ၊ ကန့်ဘလူမြို့ အားကစားကွင်း၌ ဧပြီ ၂ ရက်မှ ၆ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဧရာဝတီ စားသောက်ကုန်လုပ်ငန်း (မာမားခေါက်ဆွဲ)နှင့် ဂျူနီယာဇာ တိုင်းရင်းဆေးဝါးမှ အဓိကပံ့ပိုးကူညီပြီး ထက်လင်းတိုင်းရင်းဆေးဝါးမှ တွဲဖက်ပံ့ပိုးကူညီကာ စားသောက်ကုန်များ၊ အလှကုန်များ၊ ဆပ်ပြာအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမအသင်း လီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈ ရုံးချိန်ပြင်ပ ၆၃၆၅၀၉တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သမဝါယမ)**

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော် အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက် လားရှိုးမြို့ပေါ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးလွယ်မောင်း၊ ဦးကောင်တိုင်းတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၈ရက် နံနက် ၁၁နာရီခွဲတွင် လားရှိုးမြို့နယ်မြေခံတပ်ရင်း၏ စံပြနှစ်ရှည် ဆင်းရွှေလီပျားလိမ္မော်၂၁သမ၇၅ဧက စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ် ဆင်းရွှေလီပျားလိမ္မော်ပင်များစိုက်ခင်းနှင့်တွဲဖက်၍ ပျားအုံများမွေးမြူထားရှိမှု၊ စိုက်ခင်းအတွင်း သီးညှပ်စိုက်ပျိုးထားရှိသည့် ရာသီသီးနှံ ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍တိုင်းမှူးနှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ ပါဝင်သည့်အဖွဲ့သည် တိုင်းစစ်ဌာနချုပ် ကော်ဖီပင်ငါးသိန်းနှင့် မက္ကဒေးမီးယားပင်တစ်သောင်း ငါးထောင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ကော်ဖီနှင့်မက္ကဒေးမီးယားမျိုးစေ့များကို ပျိုးထောင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်ကြီးများကို ခေတ်မီရေဖျန်းစနစ်ဖြင့် ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် လားရှိုးမြို့အဝင် ရွှေတိဂုံပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ⇨

မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ငပလီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောက်လုပ်နေသည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရွှေမြယာအဆင့်မြင့်အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

[ဓာတ်ပုံ-သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)]

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မြို့တော်နေပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ ပျော်ရွှင်ချမ်းမြေ့စွာအပန်းဖြေနိုင်ရေး အစရှိသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်သည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှတွင် အလှပဆုံး၊ အသန့်ရှင်းဆုံး မြို့တော်အဖြစ် သတ်မှတ်ခြင်းခံရသော မြို့တော်ဖြစ်သည်။ အရှေ့တောင်အာရှ၏ စံပြမြို့တော်အဖြစ်သို့ ပြန်လည်ရောက်ရှိလာစေရန်အတွက်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈ ခုနှစ် ဝန်းကျင်က ရန်ကုန်မြို့တော်၏ အကျယ်အဝန်းမှာ ၁၃၃ ဒသမ ၆၃ စတုရန်းမိုင်ရှိပြီး၊ လူဦးရေလေးသန်းသာ ရှိခဲ့ရာမှ ယခုအခါ မြို့တော်၏ အကျယ်အဝန်းမှာ ၂၆၅ စတုရန်းမိုင် အထိရှိလာပြီး လူဦးရေမှာလည်း ခြောက်သန်းခန့်အထိ ရှိလာပြီဖြစ်သည်။

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် လမ်းများ၊ တံတားများ၊ စကြံများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်သည့်နည်းတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် လမ်းညွှန်ဆိုင်းဘုတ်များ၊ ယာဉ်ကြောသတ်မှတ်မျဉ်းများ၊ အချက်ပြမီးပွိုင့်များ၊

သတင်းဆောင်းပါး၊ ဓာတ်ပုံ-သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)

ညအချိန်ယာဉ်မောင်းများ အထောက်အကူဖြစ်စေရန် လိုအပ်သည့် လမ်းနေရာများတွင် လမ်းသားအတွင်း မြှုပ်၍ ညကြည့်ရောင်ပြန် (Cat Eye)များ၊ နယ်သတ်စည်းမျဉ်း (Guard Rail)ရောင်ပြန်များ တပ်ဆင်ခြင်းနှင့် ဓာတ်တိုင်များတွင် ညကြည့်ရောင်ပြန် တပ်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ယခုပွင့်လင်းရာသီကစ၍ လမ်းအကျယ်၁၈ပေမှ ၇၂ပေအတွင်းရှိ လမ်းပေါင်း၆၇လမ်း၊ အရှည်၃၈၅၁၈၈ ပေကို နိုင်လွန်ကတ္တရာခင်းပေးလျက်ရှိသည်။ ထိုနည်းတူစွာ ကတ္တရာထပ်ပိုးလွှာခင်းပေးနေသည့်လမ်းပေါင်းမှာ ၃၇လမ်းဖြစ်ပြီး အရှည် ၁၆၈၀၂၁ ပေရှိသည်။ ကိုယ့်အားကိုယ်ကိုးလမ်းပေါင်း၇၀ကျော်ကိုလည်း ကတ္တရာခင်းပေးလျက်ရှိသည်။

ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကြီးကို ဥယျာဉ်မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် ရှုချင်စဖွယ်ပန်းအလှပင်များ၊ရာသီပန်းပင်များ၊ အရိပ်ရအပင်များ၊ စုစုပေါင်း၂၂၃၀၀၃၉ ပင် စိုက်ပျိုးထားပြီးဖြစ်သည်။ ပြည်သူများ အပန်းဖြေနိုင်ရန် ပန်းခြံပေါင်း ၅၉ ခြံ၊ စံချိန်မီ ဘောလုံးကွင်းများ၊ ကွင်းလတ်၊ ကွင်းသေးနှင့် ကလေးကစားကွင်း အပါအဝင် အားကစားကွင်းပေါင်း ၁၀၁ ကွင်းကိုလည်း တည်ဆောက်ပေးထားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ် တာချီလိတ်၌ ဖွင့်လှစ်

ရန်ကုန် မတ် ၂

ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်တွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု၌ ကျင်းပရာ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ယုက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မိုင်းဖုန်း(က) ကျေးလက် ကျန်းမာရေးမှူး ဦးသန်းလွင်ရီက အဆောက်အအုံ ဆောက်လုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မိုင်းဖုန်း(က) ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းလုံကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် မိုင်းဖုန်း(က) ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းလုံကြီးတို့က ဖဲကြိုးဖြတ်၍ ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)